# ကြေးမုံ

**The Mirror**

၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့၊ (5-10-2010) (၆၅၄၂)




**ဖူးမြော်ကြည်ညို**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဗီယင်ကျန်းမြို့ ထပ်လွှမ်စေတီတော် ရင်ပြင်တော်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ဗီယင်ကျန်းမြို့ရှိ ထပ်လွှမ်စေတီတော်အား ဖူးမြော်ကြည်ညို

နေပြည်တော် အောက်တိုဘာ ၄

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ထပ်လွှမ်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ရွှေတိဂုံစေတီတော်ပုံတူ ကျောက်စီပန်းချီကားချပ်ကို ပေးအပ်လှူဒါန်းရာ ဗီယင်ကျန်းမြို့ ဒုတိယမြို့တော်ဝန် Mr. Somvandee NATHAVONG လက်ခံစဉ်။** (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ထပ်လွှမ်စေတီတော်သို့ ရောက်ရှိကြရာ ဗီယင်ကျန်းမြို့ ဒုတိယမြို့တော်ဝန် Mr. Somvandee NATHAVONG နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ကပ်လှူပူဇော်**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော် ရင်ပြင်တော်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်ကြသည်။

**ဖူးမြော်ကြည်ညို**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၅-၁၀-၂၀၁၀
(အင်္ဂါနေ့)

## ကျေးဇူးရှင်ဆရာများအား လေးစားဂုဏ်ပြု မြန်မာမှု

**ပူဇာစ ပူဇနေယျာနံ** ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာဖြစ်သည်။ ဆရာသည် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတွင် အနန္တော အနန္တဂုဏ်ကျေးဇူးရှင်များဖြစ်ပေရာ ဆရာ၊ ဆရာမများအား တပည့်များက လေးစားဂုဏ်ပြုသည့်အနေဖြင့် အာစရိယပူဇော်ပွဲများ ကျင်းပလျက်ရှိကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အောက်တိုဘာ ၅ ရက်နေ့ကို **ကမ္ဘာ့ဆရာများနေ့** အဖြစ်သတ်မှတ်၍ လူ့အဖွဲ့အစည်း တိုးတက်ကြီးပွားရေးအတွက် အဓိကအခန်းကဏ္ဍက ပါဝင်စွမ်းဆောင်နေကြသည့် ဆရာများကို အလေးထား ဂုဏ်ပြုအခမ်းအနားများ ကျင်းပနေကြသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ဆရာများနေ့သို့ ရောက်ရှိတိုင်း ဆရာများနေ့ဟောပြောပွဲများ ကျင်းပကြသည်။ စာတမ်းဖတ်ပွဲများနှင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး ပြိုင်ပွဲဆုရသူများအား ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆုချီးမြှင့်ပွဲများ ကျင်းပဂုဏ်ပြုကြမြဲဖြစ်သည်။

ဆရာဟူသည် မေတ္တာ၊ ကရုဏာနှင့် မြင့်မြတ်သော စိတ်ထားရှိကြသည်။ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံကြသူများဖြစ်သည်။ ချစ်ခင်လေးစားထိုက်ခြင်း၊ စာပေအတတ်ပညာနှင့် အသိပညာ ဗဟုသုတအဖြာဖြာတို့ကို သင်ကြားပေးနိုင်ခြင်း၊ စေတနာ၊ ဝါသနာ၊ အနစ်နာ အရင်းခံ၍ သွန်သင်ညွှန်ပြ သင်ကြားပေးနိုင်ခြင်းတို့ကြောင့် မြတ်ဆရာများအဖြစ် အမည်ခံထိုက်ခြင်းဖြစ်ပေသည်။

ဂုဏ်ကျေးဇူးရှင် ဆရာ၊ ဆရာမများသည် တပည့်များ၏ အနာဂတ်ထွန်းလင်းတောက်ပနေရေး ပညာအလင်းထွန်းညှိပေးနေကြသည်။ ခေတ်နှင့်အညီ တိုးတက်နေသော နည်းပညာရပ်များ၊ သင်ကြားမှု၊ သင်ယူမှုနည်းစနစ်များဖြင့် ရှေ့ဆောင်လမ်းပြကြသူများဖြစ်သည်။

ထို့မျှမက ပညာရည်ထူးချွန်ထက်မြက်သည့် စည်းကမ်းကောင်း၊ စိတ်ဓာတ်ကောင်း လူရည်ချွန်၊ လူရည်မွန်များဖြစ်ထွန်းလာစေရေး လေ့ကျင့်ပျိုးထောင်ပေးနေကြသူ ဥယျာဉ်မှူးများလည်း ဖြစ်ပေသည်။ လက်ဦးဆရာ မိဘတို့က သား၊ သမီးများအား လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာအဖြာဖြာကို ဦးစွာသင်ကြားပေးသကဲ့သို့ ဆရာ၊ ဆရာမတို့က တပည့်များအား ကျောင်းနေစအရွယ်မှသည် အဆင့်မြင့်ပညာရပ်များ ဆည်းပူးတတ်မြောက်သည်အထိ ကျောင်း၊ တက္ကသိုလ်၊ သင်တန်းအဆင့်ဆင့်တွင် ပညာပေးဝေ ပြုစုပျိုးထောင်ပေးကြရမြဲဖြစ်သည်။

ဆရာ၊ ဆရာမအပေါင်းတို့သည် တပည့်များအား ဘဝတစ်သက်တာအတွက် ရှေးရှုမေတ္တာ ကရုဏာဖြင့် စာပေအတတ်ပညာ၊ အသိအလိမ္မာများ တိုးတက်မြင့်မားအောင် စွမ်းဆောင်ပေးခဲ့ကြပြီ။ ကျေးဇူးရှင်မြတ်ဆရာတို့အား တပည့်များက လေးစားဂုဏ်ပြုကြသည့် မြန်မာမှုဓလေ့ထုံးတမ်း အစဉ်အလာသည် ထာဝစဉ်တည်တံ့ခိုင်ခံ့နေမည်ဖြစ်ပါသည်။ ။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင် မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တွေ့ဆုံ ဆန္ဒမဲပေးခြင်းသရုပ်ပြမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော်　　အောက်တိုဘာ　　၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်သည် စက်တင်ဘာ ၃၀ ရက်တွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲရုံးခန်းမ၌ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များအား တွေ့ဆုံပြီး ရွေးကောက်ပွဲလုပ်ငန်းကိစ္စရပ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ မဲရုံခင်းကျင်းထားရှိမှု၊ မဲလက်မှတ်ထုတ်ပေးခြင်း၊ လျှို့ဝှက်ဆန္ဒပြုသည့်နေရာများနှင့် ဆန္ဒမဲပုံးနေရာများ သတ်မှတ်ခြင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်သည် အောက်တိုဘာ ၁ ရက် နံနက် ၁၀ နာရီတွင် မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွန်းအေး၊ အတွင်းရေးမှူး၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့်အတူ မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုများ၊ ပြည်သူများ ဆန္ဒမဲပေးခြင်း အဆင့်ဆင့်အလိုက် သရုပ်ပြသမှုများကို တက်ရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ဆန္ဒမဲပေးမှုသရုပ်ပြပွဲသို့ မော်လမြိုင်ခရိုင်၊ မြို့နယ်နှင့် မြို့ပေါ်ရပ်ကွက် ၂၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မော်လမြိုင်တပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ ကိုယ်စားလှယ် အရာရှိ၊ စစ်သည်များနှင့် ရပ်ကွက်အတွင်းရှိ ပြည်သူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အရည်အသွေးပြည့်မီသော ဆရာများအဖြစ် လေ့ကျင့်ပျိုးထောင်ပေး ဆရာအသစ်များ ထပ်မံခန့်ထားရေးလုပ်ငန်းအစီအစဉ်များတွင် ဆက်လက်ရင်းနှီးမြှုပ်နှံ

**၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဆရာများနေ့အခမ်းအနားသို့ ပေးပို့သည့်**
**UNESCO,UNICEF,UNDP,ILO နှင့် Education International**
**အဖွဲ့အကြီးအကဲတို့၏ စုပေါင်းသဝဏ်လွှာ**
**“ပြန်လည်ထူထောင်ရေးစွမ်းဆောင်မှု ဆရာများဖြင့် အစပြု”**
**၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်**

ယနေ့ ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် ဆရာအားလုံးကို ဂါရဝပြုအပ်ပါသည်။ ဆရာများသည် ကလေးတို့၏ဘဝကို ပုံဖော်ပေးကြရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြရသည့်နည်းတူ ပညာတတ်လူ့အဖွဲ့အစည်း ပေါ်ထွန်းလာစေရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေကြရသူများလည်း ဖြစ်ကြပါသည်။ နိုင်ငံများ၏ လူမှုရေး၊ စီးပွားရေး အသိပညာဖွံ့ဖြိုးရေးတို့အတွက် ထောက်ပံ့ဖြည့်စွမ်းနိုင်ပြီး ပြောင်းလဲတိုးတက်လာမှုများကိုလည်း ဆောင်ရွက်ပေးနိုင်ကြသူများ ဖြစ်ကြပါသည်။

ယနေ့ ဆရာအမြောက်အမြားသည် လွန်ကဲသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ကြရပြီး ခက်ခဲသောအခြေအနေများတွင် အလုပ်လုပ်ကိုင်နေကြရပါသည်။ ဆင်းရဲမွဲတေမှုနှုန်းမြင့်မားသော လူ့အဖွဲ့အစည်းအတွင်းမှ လုပ်ကိုင်ဆောင်ရွက်နေကြရပြီး စာသင်ခန်းအတွင်းအပြင်၌ အကြမ်းဖက်မှု၊ ခိုက်ရန်ဖြစ်ပွားမှုတို့ကိုလည်း တားဆီးကာကွယ်ဖြေရှင်းပေးကြရပါသည်။ ထို့အပြင် လုပ်ငန်းခွင်အတွင်းမှာပင် HIVနှင့် AIDS တို့ကြောင့် စိတ်ဓာတ်ကျဆင်းနေကြသော မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများအား စိတ်ဓာတ်မြှင့်တင်ပေးပြီး ကမ္ဘာပေါ်ရှိ ဒုက္ခသည်ကလေးသူငယ် ၁၈ ဒသမ ၅ သန်းအား ပညာသင်ယူခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးနေကြရပါသည်။အငြင်းပွားမှု၊ ပဋိပက္ခဖြစ်ပွားမှု၊ သဘောထားကွဲလွဲမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသောနိုင်ငံများရှိ ဆရာများသည် ပြန်လည်ထူထောင်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို ဖန်တီးဆောင်ရွက်ပေးနိုင်သည့် အရေးပါသူများလည်းဖြစ်ကြပါသည်။

ကျွန်ုပ်တို့သည် ဆရာများ၏ ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် လှုံ့လစိုက်ထုတ် ဆောင်ရွက်နေခြင်းတို့ကို ထုတ်ဖော်ချီးကျူးကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် အန္တရာယ်အများအပြားကြားတွင် စွန့်စွန့်စားစားသွားရောက်ပြီး သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်နေကြသူ၊ လုံခြုံရေးကင်းမဲ့သောဒေသနှင့် လူမှုရေးပညာ နွမ်းပါးအားနည်းသော ဒေသများသို့သွားရောက်ပြီး ထိုဒေသခံတို့အား ဘဝသာယာလှပရေးအတွက် ဆောင်ရွက်ပေးနေကြသူ အမျိုးသမီးဆရာမများ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်နေမှုများကို ထုတ်ဖော်ချီးကျူးကြရမည် ဖြစ်ပါသည်။ ပဋိပက္ခအခြေအနေများ၊ အရေးပေါ်အခြေအနေများ ရုတ်တရက်ဖြစ်ပေါ်ကြုံတွေ့ရပြီး ပြန်လည်တည်ငြိမ်စကာလတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဆရာများ၏ ကြိုးပမ်းဆောင်ရွက်မှုက အရေးပါလှပါသည်။ လွန်ခဲ့သော ဇန်နဝါရီလတွင် ဟေတီနိုင်ငံတွင်ဖြစ်ပွားခဲ့သော မြေငလျင်ကြောင့် တစ်မြို့လုံးပျက်စီးရသည့်အပြင် ကျောင်းသားပေါင်း သုံးသောင်းရှစ်ထောင်နှင့် ကျောင်းဆရာနှင့် ပညာရေးဝန်ထမ်းပေါင်း ၁၃၀၀ တို့ အသက်အိုးအိမ်များ ဆုံးရှုံးခဲ့ရပါသည်။ ပါကစ္စတန်နိုင်ငံတွင်လည်း ရေဘေးအန္တရာယ်ကြုံတွေ့ရသူ သန်းပေါင်း ၂၀ ရှိရာ တစ်ဝက်မှာ ကလေးများဖြစ်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းပါသည်။ အဆိုပါနိုင်ငံနှစ်နိုင်ငံလုံးတွင် လူသားချင်းစာနာရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကြိုးပမ်းဆောင်ရွက်ရာ၌ ပညာရေးစနစ်ကို ပြန်လည်ရှင်သန်စေခြင်းသည် အရေးပါလှသော ဦးစားပေးအစီအစဉ်ဖြစ်ပါသည်။ အရေးပေါ်အခြေအနေများတွင် အသက်ဆုံးရှုံးသွားကြရသော ဆရာများ၏တာဝန်သိမှုကို အထူးဂရုပြု ချီးကျူးအပ်ပါသည်။

သဘာဝဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်များ ကျရောက်နေစဉ်နှင့် ကျရောက်ပြီးချိန်များတွင် ဆရာများသည် စဉ်ဆက်မပြတ် ကူညီအားပေးပြီး စိတ်သောကပူပန်စိုးရိမ်မှုများကို ဖြေဖျောက်ပေးနိုင်ကြပါသည်။ အနာဂတ်အတွက် မျှော်မှန်းချက်ပေးခြင်းဖြင့်လည်းကောင်း၊ ပုံမှန်စိတ်ခံစားမှုများရရှိအောင် အသိတရား၊ ဆင်ခြင်တုံတရားများကို စုစည်းပေးခြင်းဖြင့်လည်းကောင်း အားပေး ဖေးမကြပြီး တိုက်ပွဲများ၊ ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ပေါ်လာရမှု ဆိုးကျိုးများကို လျော့ပါးစေရန်အတွက်လည်း ကူညီဆောင်ရွက်ပေးကြပါသည်။ ဆိုးရွားလှသောအကြမ်းဖက်မှု သို့မဟုတ် နေအိမ် အပျက်အစီးများကြား နေထိုင်ရမှုနှင့် မိသားစုဝင်များပျောက်ဆုံးမှု၊ ဆုံးရှုံးမှုများကြုံတွေ့နေရသဖြင့် စိတ်သောကဝေဒနာခံစားနေကြရရှာသော ကလေးများနှင့် လူငယ်လူရွယ်လေးများကို စိတ်သက်သာမှုရရှိစေရန်အတွက် လိုအပ်သည့်လူမှုရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ကောင်းများကို ဆရာများက ပံ့ပိုးပေးကြပါသည်။ လူမှုရေးအကျပ်အတည်းများ ကျရောက်ပြီးသည့်အခြေအနေများတွင် ဆရာများကို အထောက်အပံ့ပေးခြင်းသည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်ပါသည်။

အစိုးရများသည် ပညာရေးဆိုင်ရာအသုံးစရိတ်၊ ဆရာ့အလုပ်များ၊ လစာစရိတ်များနှင့် ကောင်းမွန်သော သင်ကြားမှု၊ သင်ယူမှုအခြေအနေများကို အာမခံပေးရန် ကြိုးစားအားထုတ်မှုပြုလုပ်နေကြချိန်တွင် ကျွန်ုပ်တို့သည် ဆရာ့လုပ်ငန်းအပေါ် ကမ္ဘာကြီး၏ စီးပွားရေးနေးကွေးကျဆင်းနေမှု၏ အကျိုးသက်ရောက်မှု ဖြစ်နိုင်ခြေများကို အလေးအနက်ထားရမည်ဖြစ်ပါသည်။ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူအဖြစ် ပညာရေးသည် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များအားလုံးနှင့် လူတိုင်းအတွက်ပညာရေးဆိုင်ရာ ဦးတည်ချက်များအားလုံး အောင်မြင်ပေါက်မြောက်ရေးအတွက် အဓိကသော့ချက်ဖြစ်ပါသည်။ သို့သော်လည်း ကောင်းမွန်စွာ လေ့ကျင့်ပေးထားပြီး အသက်မွေးဝမ်းကျောင်းဆိုင်ရာ စေ့ဆော်မှုပေးထားသည့် လုံလောက်သော ဆရာများမရှိလျှင် ကျွန်ုပ်တို့သည် လွန်ခဲ့သည့် ၁၀ နှစ်က ပြုလုပ်ခဲ့သော ကမ္ဘာ့ကလေးများနှင့် လူငယ်များအတွက် ကမ္ဘာ့ပညာရေးညီလာခံက ချမှတ်ခဲ့သည့် ကတိကဝတ်များကို အချိန်တိုအတွင်း ပြီးလဲသွားစေနိုင်သည့်အတွက် အရဲစွန့် ဆောင်ရွက်ရသလို ဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာများသည် ပညာရေးစနစ်၏ နှလုံးသည်းပွတ်ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

ဆရာများ၏ အသက်မွေးဝမ်းကျောင်းအဆင့်နှင့် ပတ်သက်၍ ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ချမှတ်ခဲ့သည့် ILO နှင့် UNESCO အဖွဲ့တို့၏ အကြံပြုချက်ကိုလည်းကောင်း၊ အဆင့်မြင့်ပညာ သင်ကြားပေးသူများ၏ အသက်မွေးဝမ်းကျောင်းအဆင့်နှင့် ပတ်သက်ပြီး ၁၉၉၇ခုနှစ် UNESCO အကြံပြုချက်ကိုလည်းကောင်း စောင့်ထိန်းလိုက်နာကြပါရန် ကျွန်ုပ်တို့အနေဖြင့် တိုက်တွန်းအပ်ပါသည်။ အဆိုပါ အကြံပြုချက်များ၏ လူ့ကျင့်ဝတ်ဆိုင်ရာစွမ်းပကားသည် အစဉ်အမြဲ အကျုံးဝင်လျက်ရှိပါသည်။ အဆင့်အတန်းနိမ့်ခြင်း၊ လစာနည်းခြင်း၊ လုပ်ကိုင်ခွင့်အခြေအနေ ညံ့ဖျင်းခြင်းတို့သည် ဆရာများ၏အခွင့်အလမ်းများကို ချိုးဖောက်ရာရောက်နေပြီး အရည်အချင်းပြည့်ဝသော လူငယ်များ၏ ဆရာလုပ်လိုစိတ်ကို စိတ်ပျက်အားလျော့စေပါသည်။ နိုင်ငံတကာက သဘောတူညီမှုပြုထားကြသည့် ၂၀၁၅ ခုနှစ် ပညာရေးမျှော်မှန်းချက် ပြည့်မီရေးအတွက် ကမ္ဘာပေါ်တွင် ဆရာအသစ် ၁၀ ဒသမ ၃ သန်း လိုအပ်လျက်ရှိနေသေးကြောင်း ခန့်မှန်းထားရှိရာ ဖော်ပြပါအခြေအနေကို အကောင်အထည်ဖော်ပေးရမည်ဖြစ်ပါသည်။

အလားတူ အရည်အသွေးပြည့်မီသော ဆရာများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးခြင်းကလည်း အရေးကြီးပါသည်။ စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးပြီး လစာလုံလောက်စွာ ပေးထားသည့်ဆရာများသည် သင့်တင့်ကောင်းမွန်သော ပညာရေးကို ပေးနိုင်စွမ်းရှိသည့်အပြင် နိုင်ငံသားအဖြစ်တည်ရှိခြင်း၊ ငြိမ်းချမ်းခြင်းနှင့် ယဉ်ကျေးမှုဖလှယ်ခြင်းတို့အပေါ် တန်ဖိုးထားမှုကို တက်ကြွစွာမြှင့်တင်ပေးနိုင်သူများ ဖြစ်လာပါသည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရများအနေဖြင့် ဆရာများလေ့ကျင့်ပျိုးထောင်ရေး၊ ဆရာအသစ်များ ထပ်မံခန့်ထားရေးနှင့် ချီးမြှင့်မှုများပေးရေးတို့အတွက် နိုင်ငံတော်၏ မူဝါဒလုပ်ငန်းအစီအစဉ်များတွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားကြပါရန် တိုက်တွန်းဆော်ဩအပ်ပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော်အစိုးရများ၏ ဆရာများ စနစ်တကျ လေ့ကျင့်ပျိုးထောင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွင် ဖွံ့ဖြိုးပြီး မိတ်ဖက်အဖွဲ့အစည်းများအနေနှင့် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါရန်လည်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ထို့အပြင် ဆရာများအနေနှင့် ၎င်းတို့၏ဆုံးဖြတ်ချက်များကို ၎င်းတို့ကိုယ်တိုင် ဒီမိုကရေစီအရရွေးချယ်ထားသည့် အဖွဲ့အစည်းများမှတစ်ဆင့် ထုတ်ဖော်ပြောကြားနိုင်မည့် လူမှုရေးဆိုင်ရာဆွေးနွေးမှုများကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းအပ်ပါသည်။ဆရာများမပါဘဲနှင့် ပညာရေးပြုပြင်ပြောင်းလဲမှုကို ပုံဖော်ရန်မဖြစ်နိုင်သလို ပညာရေးရည်မှန်းချက်များပြည့်မီအောင်လည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် မဟုတ်ပါပေ။

ကမ္ဘာအနှံ့ရှိ နိုင်ငံတော်အစိုးရများ၊ ရပ်ရွာလူအဖွဲ့အစည်းများ၊ အမျိုးသားရေးဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဆရာများအပေါ် ကတိပေးထားသည့်အလုပ်များကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် ကျွန်ုပ်တို့အနေနှင့် ကမ္ဘာ့ဆရာများနေ့တွင် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲသည့် အနာဂတ်ကိုပုံဖော်ပေးနိုင်မည့် ပညာဉာဏ်ဗဟုသုတ ကျွမ်းကျင်မှုများနှင့် ပြည့်စုံသော၊ တာဝန်သိစိတ်ရှိသော နိုင်ငံသားများဖြစ်လာစေရန် မျိုးဆက်သစ်လူငယ်များကို ပြင်ဆင်ပေးနေရသူ ဆရာများအား ၎င်းတို့၏ တာဝန်ဝတ္တရားများကို အပြည့်အဝထမ်းဆောင်နိုင်ရန်အတွက် ကျွန်ုပ်တို့က သင့်တင့်ကောင်းမွန်သောလုပ်ငန်းအခြေအနေဖြစ်ပေါ်အောင် ဖန်တီးပေးခြင်းဖြင့် အကောင်းဆုံးဂုဏ်ပြုနိုင်ပါသည်။

ယနေ့ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလ ၅ ရက်နေ့ ကမ္ဘာတစ်လွှား၌ ဆရာများကို ဂုဏ်ပြုသည့်ပွဲတွင် ကျွန်ုပ်တို့ ပူးပေါင်းပါဝင်ကြပါစို့ . . . ။

**အီရီနာဘိုကိုဗာ**
**ညွှန်ကြားရေးမှူးချုပ်**
**ယူနက်စကို**

**ဂွါန်ဆိုမာဗီရာ**
**ညွှန်ကြားရေးမှူးချုပ်**
**အိုင်အယ်လ်အို**

**ဟဲလင်ကလာ့ခ်**
**အုပ်ချုပ်ရေးမှူး**
**ယူအင်ဒီပီ**

**အန်တိုနီလိတ်**
**အမှုဆောင်ညွှန်ကြားရေးမှူး**
**ယူနီဆက်**

**ဖရက်(ဒ်)ဗန်းလျူဝမ်**
**အထွေထွေအတွင်းရေးမှူး**
**နိုင်ငံတကာပညာရေး**



ဗီယင်ကျန်းမြို့ရှိ ထပ်လွှမ်စေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ရွှေတိဂုံစေတီတော်ပုံတူ ကျောက်စီပန်းချီကား၊ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်၊ စိန်ဖူးတော်နှင့် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယမြို့တော်ဝန် Mr. Somvandee NATHAVONG က လက်ခံသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယမြို့တော်ဝန်က ထပ်လွှမ်စေတီတော်သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆာဗာနာခက်မြို့၌ ချစ်ကြည်ရေးခရီး လှည့်လည်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတရုံး ဝန်ကြီး H.E.Mr. Phongsavath Boupha နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဇနီးတို့လိုက်ပါလျက် ဗီယင်ကျန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လာအိုအထူးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဆာဗာနာခက်မြို့ လေဆိပ်သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဆာဗာနာခက်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Vilayvanh Phomkhe နှင့် ဇနီးတို့က လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား လာအိုအမျိုးသမီးငယ်နှစ်ဦးက ပန်းစည်းများကို ဂါရဝပြု ပေးအပ်ကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုရိုးရာယဉ်ကျေးမှု အတီး၊ အမှုတ်များဖြင့် လည်းကောင်း၊ နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း ဆာဗာနာခက်လေဆိပ်၌ လှိုက်လှဲစွာ ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ဆာဗာနာခက်မြို့ရှိ ခေတ္တတည်းခိုမည့် Daosavan Resort Hotel သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

# မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ

## လာရောက်တင်ပြ

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **အမျိုးသားဒီမိုကရေစီအင်အားစုပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သဖြင့် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့် ပါတီမှာ (၃၆) ပါတီ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပျဉ်းမနားမြို့မဈေး မီးဘေးကြိုတင်ကာကွယ်

**နေပြည်တော် အောက်တိုဘာ ၄**

မီးသတ်ဦးစီးဌာန နေပြည်တော်မှ ညွှန်ကြားရေးမှူး ရဲကျော်သူ ရဲသူရ ဦးသန်းကျော်ကျော်သည် ခရိုင်မီးသတ်ဦးစီးမှူး ရဲကျော်စွာ ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းစိန်တို့လိုက်ပါ၍ စက်တင်ဘာ ၃၀ ရက်က ပျဉ်းမနားမြို့နယ် အမှတ်(၁) မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန် ဦးခင်မောင်ရီနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်ဝင်းတို့ကြီးကြပ်၍ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်သရုပ်ပြမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ကြေးမုံ)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၅-၁၀-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ မြဝတီအဖွင့် |
| ၇း၀၅ | ၂။ တရားတော် |
| ၇း၁၀ | ၃။ လယ်တီဆရာတော်ကြီး၏ထေရုပ္ပတ္တိ -မော်ကွန်းတည်သည် မြတ်လယ်တီ (အပိုင်း-၂) |
| ၇း၁၅ | ၄။ ဓမ္မပူဇာတေး |
| ၇း၂၀ | ၅။ မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၇။ မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၈။ သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၉။ အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၁။ အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၂။ အပိုတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၃။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ မြဝတီအဖွင့် |
| ၄း၀၅ | ၂။ အဖွင့်သီချင်း |
| ၄း၁၀ | ၃။ အမျိုးသားရေးတေးကဗျာ |
| ၄း၂၀ | ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၄း၃၅ | ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၄း၅၅ | ၆။ မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၇။ မြန်မာသံစဉ်ချိုနားဝင် |
| ၅း၂၅ | ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅း၃၅ | ၉။ သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၄၀ | ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၂၄)** |
| ၆း၀၀ | ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ အမျိုးသားရေးတေးကဗျာ |
| ၆း၂၀ | ၁၃။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၃၀ | ၁၄။ အောင်မြင်ခြင်းလမ်းမ |
| ၇း၀၀ | ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၅၅)** |
| ၈း၀၀ | ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ အမျိုးသားရေးတေးကဗျာ |
| | ၁၈။ နိုင်ငံရေးပါတီများ ဟောပြောချက် |
| | ၁၉။ နိုင်ငံတကာသတင်း |
| | ၂၀။ မိုးလေဝသသတင်း |
| | ၂၁။ မွေးမြူသုတ |
| | ၂၂။ ဟာသရုပ်စုံ |
| | ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၂)** |
| | ၂၅။ **Mini Series** |
| | ၂၆။ သင့်အတွက်မနက်ဖြန် |
| | ၂၇။ အပိုတ်နှုတ်ဆက်စကား |
| | ၂၈။ ပြီးပါပြီ။ |

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၄**

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၃၇)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မြန်မာ့ကျွန်းသစ်ကို အရှေ့အလယ်ပိုင်းနိုင်ငံများက တိုက်ရိုက်မှာယူလာ၊ မိုဘိုင်းဖုန်းများ၌ ရတနာပုံဝက်ဘ်ပေါ်တယ်အသုံးပြုနိုင်ရန် စီစဉ်၊ ကွန်ပျူတာနှင့် ဂီတတို့ဖြင့် ထိန်းချုပ်ဖျော်ဖြေမည့် မြန်မာ့ပထမဆုံး ရေပန်းရုပ်ရှင် ကြည့်ရှုနိုင်တော့မည်၊ ရှမ်းပြည်နယ်တွင် ခရီးသွားဧည့်သည်များအတွက် သဘာဝရေကန် ခရီးစဉ်သစ် ထပ်မံရရှိ၊ အွန်လိုင်းမှ တစ်ဆင့် အိမ်၊ ခြံ၊ မြေ၊ ကား ရောင်းဝယ်မှုများ ရေပန်းစားလာ၊ ဆိုက်ပရပ်စ်အပျော်စီးသင်္ဘောလိုင်းက မြန်မာသင်္ဘောသား ဟိုတယ်ဝန်ထမ်း ၃၀၀ ခေါ်မည်၊ ငပလီ၊ ချောင်းသာ၊ ငွေဆောင်တို့၏ အားသာချက်များရယူပြီး မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးလာရန် ဆောင်ရွက်မည်၊ TOEFL စာမေးပွဲကို အင်တာနက်မှ ဖြေဆိုနိုင်ပြီ၊ ပြည်တွင်း ထုတ်လုပ်မှု စီးရေကန့်သတ်မှုမရှိ ခွင့်ပြုထား၍ ကားဈေးကွက် ပြိုင်ဆိုင်မှု အားကောင်းလာမည်၊ စင်ကာပူတွင် ကျောင်းတက်ရင်း အလုပ်ရှာမည့်သူများအတွက် အခမဲ့သင်တန်းပို့ချမည်၊ နေပြည်တော်တွင် လျှောက်ထားရသည့် နိုင်ငံတစ်ဝန်း ယူဆောင်အသုံးပြုနိုင်သော ငါးသိန်းတန်ဖုန်းများ ချထားပေးခြင်း ခေတ္တရပ်နား၊ ကင်ဂျုံအီ၏ အငယ်ဆုံးသား ကင်ဂျုံအန်းအား ဗဟိုစစ်ဦးစီးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်သဖြင့် မြောက်ကိုရီးယား ခေါင်းဆောင်သစ်ဖြစ်လာရန် သေချာဟုဆို၊ မွမ်ဘိုင်းမြို့ တိုက်ခိုက်မှု ပုံစံမျိုးဖြင့် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့၌ အကြမ်းဖက်ရန် စီစဉ်ထားမှုကို ဖော်ထုတ်တွေ့ရှိ၊ မက္ကဆီကို မြေပြိုကျမှုတွင် အိပ်ပျော်နေသူရာပေါင်းများစွာတို့ အရှင်လတ်လတ် မြေမြှုပ်ခံလိုက်ရ၊ ဆက်ဝေးများကြောင့် ဒေါ်လာသန်းပေါင်းများစွာ ချမ်းသာလာသည့် ကုမ္ပဏီပိုင်ရှင် ဆက်ဝေးကြောင့် သေဆုံး၊ ၁၈ နှစ်ကြာ ပြန်ပေးဆွဲခံခဲ့ရသည့် အမျိုးသမီးက သူ၏အတွေ့အကြုံကို စာအုပ်ရေးသား၊ ၂၄ နာရီအတွင်း ရှစ်နိုင်ငံတွင် ဂီတဖျော်ဖြေပွဲများ ပြုလုပ်ပြီး ကမ္ဘာ့စံချိန်တင်လိုက်သူ၊ မိမိတပ်ဆင်ထားသည့် CCTV ကြောင့် ကိုယ့်ရှူးကိုယ်ပတ်ကာ ပြန်အဖမ်းခံရ၊ လူဝကြီးများ အပြေးပြိုင်ပွဲကျင်းပ၊ ဂြိုဟ်သားများက ဗြိတိန်နှင့် အမေရိကန်ရှိ နျူကလီးယား ဒုံးကျည်များကို ဖျက်ဆီးပစ်လိမ့်မည်ဟုဆို၊ မြေအောက်မှ ချီလီမိုင်းတွင်းလုပ်သားများ ယခုလ ၁၂ ရက်နေ့တွင် လွတ်မြောက်တော့မည်၊ သဲကန္တာရထဲ၌ ဝန်ကြီးများ အစည်းအဝေးကျင်းပ၊ အီကွေဒေါ် သမ္မတကို ရဲတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးချုပ်နှောင်မှုမှ ကယ်တင်ခဲ့ရ၊ ရေအောက်ပေ ၂၀ အထိ ငုပ်နိုင်ပြီး တစ်နာရီ ၄၆ မိုင်နှုန်းသွားနိုင်သည့် တိုက်သင်္ဘောသစ်ကို စမ်းသပ်မောင်းနှင်၊ ရုရှားက အာကာသထဲ၌ ဟိုတယ်ဆောက်မည်၊ နယူးဒေလီမြို့၌ ဓနသဟာယနိုင်ငံများ အားကစားပွဲ ခမ်းနားစွာ ဖွင့်လှစ်၊ ဆူဒန်နိုင်ငံရှိ မြို့တစ်မြို့ကို ကြံ့ပုံသဏ္ဍာန် မြို့ကွက်ဖော် တည်ဆောက်၍ ကြံ့မြို့တော်ဟု အမည်ပေး၊ တိုက်ခန်းများဈေးကြီး၍ မြေအောက်၌ တွင်းတူး၍ အိမ်ခန်းဆောက်နေသူ" စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

(သတင်းစဉ်)

# တိုက်ပွဲဝင်အောင်မြင်ရေး မဟာဗျူဟာများစာအုပ် ပထမတွဲထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၄**

အောင်မြင်ကျော်ကြားလိုသော လူတစ်ယောက်အတွက် တက်ကျမ်းတစ်စောင်အဖြစ်သာမကဘဲ စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးနယ်ပယ် အသီးသီးတွင် တာဝန်ယူထားကြသော ခေါင်းဆောင်များ၊ ခေါင်းဆောင်အဖြစ် တက်လှမ်းလိုသူများအတွက် လုပ်တိုင်းအောင် ဆောင်တိုင်းမြောက်စေရန် လမ်းညွှန်ဖော်ဆောင်ပေးမည့် မောင်မြင့်ကြွယ် ဘာသာပြန်ဆိုပြုစုသော "စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုက်ပွဲဝင် အောင်မြင်ရေး မဟာဗျူဟာများ" စာအုပ် ပထမတွဲ ထွက်ရှိလာသည်။

ဤစာအုပ်တွင် လူသားတို့၏ သမိုင်းမှ အဖြစ်အပျက် နမူနာပေါင်း မြောက်မြားစွာနှင့် ပုံဖော်ခြယ်မှုန်းပြသထားရာ နပိုလီယံမှ မာဂရက်သက်ချာအထိ၊ ဇူလူးဘုရင်မှ လော့ဒ်နယ်လ်ဆင်အထိ၊ ဟန်နီဘောလ်မှ Ulysses S. Grant အထိနှင့် စက်မှုလုပ်ငန်းကြီးများတွင် ဦးစီးဦးဆောင်ပြုနေသူများ၊ ဆာမူရိုင်းဓားသမားများ၊ သံတမန်များ၊ ရုပ်ရှင်ဂီတ အနုပညာသည်များအထိ ၎င်းတို့၏ ဉာဏ်ထက်မြက်မှုများ၊ မိုက်မဲမှုများစသည်တို့ကို သုံးသပ်ဖော်ပြထားသည်။

ဤစာအုပ်ပါ အခန်းတစ်ခန်းစီတိုင်းတွင် နေ့စဉ်ဘဝ၌ ကြုံတွေ့နေကြရသည့် ဘဝတိုက်ပွဲများတွင် အောင်မြင်မှုရရှိရန် အကူအညီပေးကြမည့် မဟာဗျူဟာတစ်ခုစီကို ပုံကြမ်းလောင်း၍ ဖော်ပြပေးထားသည်။

လူ့ဘဝ၌ အောင်မြင်လိုသူတိုင်း မလွတ်တမ်းဖတ်သင့်သော ဤစာအုပ်တွင် မအောင်မြင်မှုနှင့် ရှုံးနိမ့်မှု ပုံစံအမျိုးမျိုးတို့ကိုကျော်လွှားနိုင်ပြီး အမြဲတမ်းအသာစီးရနေစေမည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ လက်နက်အားလုံးကို စုံစေ့စွာ ဖော်ပြပေးထားသည်။

ဤစာအုပ်ပထမတွဲတွင် စစ်ဘက်ဆိုင်ရာ နည်းဗျူဟာ ၁၁ ခုကို ဖော်ပြပေးထားပြီး လူတစ်ဦးတစ်ယောက်ချင်းစီတွင် ရှိရမည့် အရည်အသွေးနှင့် စစ်ဘက်ဆိုင်ရာ မဟာဗျူဟာများကို ဆက်စပ်ဖော်ပြထားသည်။

ခေါင်းဆောင်ကောင်းတစ်ယောက်အတွက် မဟာဗျူဟာများချမှတ်ရေးတွင် တစ်ဦးချင်း ခေါင်းဆောင်မှုစွမ်းရည် ထက်မြက်ရေး၊ ဦးစီးခေါင်းဆောင်တစ်ယောက်အနေဖြင့် အဖွဲ့အစည်းလိုက် ရှေ့သွားနောက်လိုက်ညီအောင် မည်ကဲ့သို့ လှုပ်ရှားဆောင်ရွက်ရမည်ဆိုသည်များကို ရှင်းလင်းဖော်ပြပေးထားသည်။ စာအုပ်၏ နောက်ပိုင်း အခန်းများတွင် စစ်ပွဲတစ်ပွဲ အောင်မြင်ရေးအတွက်ဖြစ်စေ၊ အနိုင်ရဖွယ်မရှိသောတိုက်ပွဲများကို ရှောင်ရှားရန်ဖြစ်စေ လိုအပ်မည်ဖြစ်သော ခံစစ်နည်းဗျူဟာ ကျင့်သုံးဆောင်ရွက်ပုံကို သမိုင်းတွင် ဖြစ်ခဲ့ပြီးသော စစ်ပွဲများ၊ စီးပွားရေးတိုက်ပွဲများ၊ လူမှုရေးရာဖြေရှင်းမှုများနှင့် နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်မှုများကို နမူနာပေါင်းများစွာဖြင့် ဖွင့်ဆိုရှင်းပြထားပြီး သုံးသပ်တင်ပြပေးထားသည်။

စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုက်ပွဲဝင် အောင်မြင်ရေး မဟာဗျူဟာများ စာအုပ်ကို စာအုပ်ဆိုင်များ၊ ဆူပါမားကက်များတွင် ဝယ်ယူရရှိနိုင်ပြီး တစ်ဦးချင်း အိမ်အရောက် မှာကြားဖတ်ရှုလိုသူများအနေဖြင့် Novel Light Express ဖုန်း-၃၉၁၁၈၆နှင့် ၀၉-၅၀၈၀၈၅၀ တို့သို့ ဆက်သွယ် မှာကြားပါက စာအုပ်ဆိုင်တွင် ရောင်းသော မူရင်းဈေးအတိုင်း အိမ်တိုင်ရာရောက် ပို့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ခေတ်သစ်ပြည်သူ့ပါတီ(Modern People Party) က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၄

**ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party) တွဲဖက်အထွေထွေအတွင်းရေးမှူး-၂ ဒေါ်ရီရီစံက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ကျွန်မတို့ ခေတ်သစ်ပြည်သူ့ပါတီ၏ မူဝါဒလမ်းစဉ်၊ လုပ်ငန်းစဉ်များ၊ အလုပ်လမ်းညွှန်တရားများကို ရှင်းလင်းတင်ပြသွားပါမယ်။

**မူဝါဒလုပ်ငန်းစဉ်များ**

**စီးပွားရေး။** စီးပွားရေးတွင် ပြည်သူတို့ရဲ့ စီးပွားရေးလွတ်လပ်မှုကို အာမခံချက်ပေးနိုင်သော တံခါးဖွင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသွားမယ်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ကြိုးပမ်းသွားမယ်။ ပြည်ပက တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်မယ်။ ပြည်ပသို့ သွားရောက် ရင်းနှီးမြှုပ်နှံမှုများကိုလည်း အားပေးမယ်။ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့်သာမက နိုင်ငံတကာနှင့်ပါ ကုန်ထုတ်ကုန်သွယ်ရေးလုပ်ငန်းများ၊ ကုန်ထုတ်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မယ်။

**နိုင်ငံရေး။** နိုင်ငံရေးတွင် ပြည်သူတို့ရဲ့ နိုင်ငံရေးလွတ်လပ်မှုကို အာမခံချက်ပေးနိုင်သော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမယ်။ ဒီမိုကရေစီထွန်းကားရေးနှင့် အများပြည်သူတို့အကျိုးကို မထိပါးစေရေးအတွက် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ ဟောပြောစည်းရုံးခွင့်၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ ထူထောင်ခွင့်၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခွင့်စတဲ့ နိုင်ငံရေးလွတ်လပ်မှုများကို ခွင့်ပြုမယ်။ အနှစ်ချုပ်အားဖြင့် နိုင်ငံရဲ့ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့ လူနေမှုအဆင့်အတန်း၊ အသိဉာဏ်ပညာအဆင့်အတန်း မြင့်မားတိုးတက်သော ကမ္ဘာ့စံပြနိုင်ငံ ဖြစ်လာရေးအတွက် မြေရှင်စနစ် အနှောင်အဖွဲ့ လုံးဝကင်းစင်တဲ့ အရင်းရှင်စနစ်ကို ကျင့်သုံးသွားမယ် ဖြစ်ပါတယ်။

**ပညာရေး။** လူ့အဖွဲ့အစည်းအကျိုးကို ဆောင်ရွက်နိုင်တဲ့ ယနေ့ ပညာခေတ်ရဲ့ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်သော ပညာရေးစနစ်ကို ကျင့်သုံးမယ်။ လူ့စွမ်းအားအရင်းအမြစ်ကို လေ့ကျင့်ပျိုးထောင်သော ပညာရေးစနစ်ကို ကျင့်သုံးမယ်။ ပြည်သူများ အသိပညာမြင့်မားရေးအတွက် အခမဲ့အလယ်တန်းပညာ မသင်မနေရစနစ်ကို အကောင်အထည်ဖော်မယ်။ ပညာရေးကဏ္ဍတွင် ပုဂ္ဂလိကများကို ယှဉ်ပြိုင်လုပ်ကိုင်ခွင့်ပြုမယ်။ ပညာရေးသုတေသန လုပ်ငန်းများကို အစိုးရရော ပုဂ္ဂလိကများပါ လုပ်ကိုင်နိုင်အောင် အားပေးမယ်။

**ကျန်းမာရေး။** တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ဆေးပညာရပ်များ သိပ္ပံနည်းကျ တိုးတက်လာရေးအတွက် အခြေခံကျန်းမာရေးမူဝါဒများ ချမှတ်ကျင့်သုံးမယ်။ ပြည်သူလူထု ကျန်းမာရေးကို အစိုးရက တာဝန်ယူ ကာကွယ်ကုသပေးနိုင်ရေးနဲ့ ပုဂ္ဂလိကများ ကျန်းမာရေးကဏ္ဍတွင် ပါဝင်ယှဉ်ပြိုင်လုပ်ကိုင်လာနိုင်ရေးကို ဦးစားပေး ဆောင်ရွက်မယ်။ တိုင်းရင်းဆေးအပါအဝင် ဆေးပညာသုတေသနလုပ်ငန်းများကို အားပေးမယ်။

**ကာကွယ်ရေး။** လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အသက်ပေး ကာကွယ်သော၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို အသက်ပေးကာကွယ်စောင့်ရှောက်သော၊ ပြည်ထောင်စုကြီးရဲ့ အန္တရာယ်ကို အသက်ပေးကာကွယ်သော ခေတ်မီအမျိုးသားတပ်မတော် ဖြစ်ရမယ်။ ယင်းအမျိုးသားတပ်မတော်အား အစဉ်ခေတ်မီအဆင့်မြင့်နေအောင် ဆောင်ရွက်မယ်။

**နိုင်ငံခြားရေး။** ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဘန်ဒေါင်းမူ(၅) ချက်ကို ဆက်လက် ကျင့်သုံးမယ်။ နိုင်ငံတကာလူ့အဖွဲ့အစည်း ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေးကို ကြိုးပမ်းသွားနိုင်ရန် လွတ်လပ်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးမယ်။ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ကြိုးပမ်းဆောင်ရွက်သွားမယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် နိုင်ငံတကာ ပြည်သူတို့ရဲ့ လုံခြုံရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ ကမ္ဘာ့ရေးရာများကို ကဏ္ဍအလိုက် နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမယ်။

**စိုက်ပျိုးရေး။** ဈေးကွက်စီးပွားရေးနှင့် လျော်ညီတဲ့ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်ရိတ်သိမ်းသိုလှောင်၊ ပြည်တွင်း၊ ပြည်ပတွင် လွတ်လပ်စွာ ရောင်းဝယ်ခွင့်ရှိသော စိုက်ပျိုးရေးမူဝါဒကိုကျင့်သုံးမယ်။ ကျေးလက်နေ ဆင်းရဲသားလယ်သမားများနဲ့ လယ်သမားလူတန်းစား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုပ်ကွက်ကြီးစိုက်ပျိုးရေးနှင့် အဆင့်မြင့်နည်းပညာသုံး စိုက်ပျိုးရေးစနစ်ကို အားပေးသွားမယ်။

**ယဉ်ကျေးရေးနှင့် လူမှုရေး။** မြန်မာတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကောင်းများကို ထိန်းသိမ်းရေးနှင့် ခေတ်ကာလနှင့်အညီ ဖြစ်ပေါ်လာသော ယဉ်ကျေးမှုများကို ထူထောင်ကျင့်သုံးသွားမယ်။ လူမှုရေးတွင် မြန်မာတိုင်းရင်းသားတို့ရဲ့ လူမှုရေး အစဉ်အလာကောင်းများကို ထိန်းသိမ်းသွားမယ်။ တစ်ဖက်တွင် ခေတ်ကာလနှင့်အညီ လူမှုရေးကျင့်စဉ်ကောင်းများကို ကျင့်သုံးသွားမယ်။

**ဘာသာရေး။** လူတိုင်းလူတိုင်း မိမိတို့ကြိုက်နှစ်သက်ရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ဘာသာရေးလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုမယ်။ (ဘာသာရေးနှင့် နိုင်ငံရေး ရောထွေးကျင့်သုံးခွင့်မပြု)

**တိုင်းရင်းသားလူမျိုးများအရေး။** တိုင်းရင်းသားလူမျိုးများရဲ့ တန်းတူ ရည်တူ အခွင့်အရေးကို အပြည့်အဝအာမခံချက်ပေးနိုင်တဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ အခွင့်အရေးများဖြင့် စစ်မှန်သော ပြည်ထောင်စုကို တည်ဆောက်မယ်။ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော လူမျိုးစွဲဝါဒကင်းရှင်းသော အရင်းရှင်စနစ် ဖြစ်ပေါ်တိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့ခိုင်မြဲရေးကို သန္နိဋ္ဌာန်စိတ်ဖြင့် ကြိုးပမ်းသွားမယ်။

**ပြည်တွင်းငြိမ်းချမ်းရေး။** ကမ္ဘာတွင် သက်တမ်းအရှည်ကြာဆုံး စာရင်းဝင်ဖြစ်သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေး၊ထာဝရ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့အတွက် The Path of National Reconciliation အမျိုးသား သင့်မြတ်စည်းလုံးရေးကို မဖြစ်မနေ ကြိုးပမ်းသွားမယ်။

**အလုပ်လမ်းညွှန်တရား (၄) ပါး**

(၁) အကန်းယုံ အရမ်းယုံ မယုံကြဘဲ သိပ္ပံပညာမျက်စိနဲ့သာ ဆင်ခြင်ကြပါစို့။

(၂) ဆင်ခြင်တုံတရားမဲ့ ဆန္ဒစွဲ ယုံကြည်မှုတွေကို စွန့်လွှတ်ပြီး အသိအလိမ္မာ ဉာဏ်ပညာကိုသာ အားကိုးကြပါစို့။

(၃) စနစ်တကျ လေ့လာသုံးသပ်မှုကင်းမဲ့တဲ့ဘဝကို စွန့်လွှတ်ပြီး လေးနက်တဲ့ အဘိဓမ္မာပေါ်မှာသာ အခြေခံကြပါစို့။

(၄) ဆင်ခြင်တုံတရားမဲ့ အစွဲအလမ်းဟောင်းတွေအပေါ်မှာ မျက်စိမှိတ်ဆုပ်ကိုင်ထားသူတွေနဲ့စာရင် အရိုးခံသက်သက် သာမန်ပြည်သူတွေကမှ အမှန်တရားနဲ့ ပိုလို့နီးစပ်ပါသေးတယ်။

**မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းနှင့် လက်ငင်း ဒီမိုကရေစီနိုင်ငံထူထောင်ရေး**

ဒုတိယကမ္ဘာစစ်ကြီး အဝင်အထွက်ဒဏ်ကို ခံလာခဲ့ရသော မြန်မာနိုင်ငံကို လွတ်လပ်ရေးရလာတဲ့အခါ သင့်မြတ်စည်းလုံးစွာ ပြန်လည်ထူထောင်သွားရမယ့်အစား ပါတီစွဲ၊ ဝါဒဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲတွေ ပေါ်ပေါက်လာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲခဲ့မှု၊ ပြည်ပသွေးထိုးမှုတွေကြောင့် ပြည်တွင်းစစ်ဖြစ်ခဲ့ပြီး ပြည်သူတွေ မြေစာပင်ဘဝရောက်ခဲ့ရတယ်။ နိုင်ငံ ပိုမိုခေတ်နောက်ကျခဲ့ရတယ်။ ဒီနောက် စီးပွားရေးနဲ့ နိုင်ငံရေးကို ဗဟိုကချုပ်ကိုင်တဲ့ တစ်ပါတီဆိုရှယ်လစ်စနစ်အောက်မှာ ကျရောက်ပြီး အကျပ်အတည်းပေါင်းစုံ ကြုံခဲ့ရပြန်တယ်။ နောက်ဆုံး ၁၉၈၈ ခုနှစ်တွင် ကြောက်မက်ဖွယ်ရာ အရေးအခင်းကြီး ကြုံခဲ့ရပြန်တယ်။ အရေးအခင်းကို လွန်မြောက်အောင် ကြိုးပမ်းပြီး တံခါးဖွင့်ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကျင့်သုံးလာတဲ့ တပ်မတော်အစိုးရနဲ့ သင့်မြတ်စည်းလုံးစွာ ဆောင်ရွက်နိုင်မှု မရှိခဲ့ပြန်တဲ့အတွက် ပြည်ပက စွက်ဖက်မှု၊ စီးပွားရေး ပိတ်ဆို့အရေးယူမှု ကြုံလာရပြန်တယ်။ ဒါကြောင့် နိုင်ငံကို ခေတ်မီဖွံ့ဖြိုးအောင် ဘယ်လိုကြိုးပမ်းကြမလဲ။

ခေတ်သစ်ပြည်သူ့ပါတီဟာ ဒီကနေ့လို တိုင်းရင်းသားလုပ်ငန်းရှင်ကြီး/ငယ်များ၊ ခေတ်သစ်အလုပ်သမား၊ လယ်သမားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ ပိုမိုပေါ်ထွန်းလာပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး၊ ခေတ်သစ်အလုပ်သမား၊ လယ်သမားနဲ့ အသိပညာရှင်၊ အတတ်ပညာရှင်လူတန်းစားများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေ ကြိုးပမ်းသွားမယ်ဖြစ်ပါတယ်။ စီးပွားရေးပိတ်ဆို့မှု ပပျောက်ရေးနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်လာရေးကို ကြိုးပမ်းမယ်။ အထူးသဖြင့် မြန်မာလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ရှိတဲ့ ကျေးလက်ဒေသ မြန်မာတောင်သူလယ်သမား လူတန်းစားများ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးဟာ ဒီမိုကရေစီ ရှင်သန်ထွန်းကားရေးလည်း ဖြစ်ပါတယ်။ ဆင်းရဲ ခေတ်နောက်ကျတဲ့ နိုင်ငံတစ်ရပ်တွင် ဒီမိုကရေစီ အမြစ်တွယ်ရှင်သန်ထွန်းကားမလာနိုင်လို့ ဖြစ်ပါတယ်။

ဒီကနေ့လို တံခါးဖွင့်ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်လာချိန်တွင် ကျေးလက်တောင်သူလယ်သမားများ တစ်ဦးချင်းဝင်ငွေ တိုးပွားရေး၊ စီးပွားရေး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ အသိဉာဏ် ပညာမြင့်မားလာရေးအတွက် ခေတ်သစ်ပြည်သူ့ပါတီဟာ အောက်ပါစိုက်ပျိုးရေး မူဝါဒသစ်ကို မဖြစ်မနေ ချမှတ်ကျင့်သုံးသွားမယ်ဖြစ်ပါတယ်-

- ❒ စိုက်ပျိုးသူတိုင်း မိမိကြိုက်နှစ်သက်ရာ သီးနှံကို လွတ်လပ်စွာ စိုက်ပျိုးခွင့်၊ လွတ်လပ်စွာ ဈေးကွက်တင်ရောင်းချခွင့်နှင့် မိမိတို့အကျိုးအမြတ်ကို လွတ်လပ်စွာ ခံစားခွင့်ရှိရေး။
- ❒ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ခေတ်မီအကြီးစား ပုဂ္ဂလိက စိုက်ပျိုးရေးလုပ်ငန်းများ ပေါ်ပေါက်လာစေရေး။
- ❒ စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိက စိုက်ပျိုးရေးဘဏ်များ ဖွင့်လှစ်ပြီး အတိုးနည်းနှစ်ရှည်ချေးငွေများ ချေးငှားသွားရေး။
- ❒ မိမိတို့ဆန္ဒအလျောက် အစုစပ်လုပ်ငန်းများ၊ ပေါင်းစည်းလုပ်ကိုင်သော စိုက်ပျိုးရေးလုပ်ငန်းများကို အားပေး ကူညီသွားရေး။



- ❒ စိုက်ပျိုးရေး အလုပ်သမားများ၏ လူနေမှုဘဝကို စိုက်ပျိုးကုန် ထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်လျောညီစွာ မြှင့်တင် ထူထောင်ပေးရေး။
- ❒ စိုက်ပျိုးသူများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ လွတ်လပ်စွာ ဖွံ့ဖြိုးရေးကို လက်ဝါးကြီးအုပ်ဝါးမျိုလေ့ရှိသည့် ပုဂ္ဂလိက မြေရှင်လူတန်းစားများကို ဖြစ်ပေါ်စေသောမြေယာ ရောင်းဝယ် ပေါင်နှံမှုများအား ပြည်သူ့ဆန္ဒနှင့်အညီ ဥပဒေပြဋ္ဌာန်း ကာကွယ်ရေး။
- ❒ တောင်သူလယ်သမားများ ထုတ်ကုန် ဆန်စပါးကို ပုဂ္ဂလိက ကုန်သည်ကြီးများအသင်းက ဖြစ်စေ၊ မိမိတို့ ကိုယ်တိုင်ဖြစ်စေ နိုင်ငံခြားသို့ တင်ပို့ရောင်းချခွင့်ရှိရေး။
- ❒ ပြည်တွင်း ပြည်ပ ရောင်းဝယ်မှုများတွင် ထုတ်လုပ်သူနှင့် စားသုံးသူများကို အကျိုးပြုစေမည့် ဈေးပြိုင်စနစ် (Free Competition) ကို ကျင့်သုံးရေးနှင့် အသင်းအဖွဲ့တစ်ခုက လက်ဝါးကြီးအုပ်ချုပ်ကိုင်မှုကို ဥပဒေပြဋ္ဌာန်း ကာကွယ်သွားရေး။
- ❒ နိုင်ငံတကာ ဈေးကွက်တွင် အဝယ်လိုက်နေသော သီးနှံအမျိုးအစားနှင့် ဈေးနှုန်းများကို စိုက်ပျိုးသူများ၊ တောင်သူလယ်သမားများ သိရှိနိုင်ရန် ဈေးကွက်သုတေသနအဖွဲ့များ ထူထောင်ပေးရေး၊ စိုက်ပျိုးရေး ခေတ်မီဖွံ့ဖြိုးအောင်မြင်နေသော နိုင်ငံများသို့ မြန်မာတောင်သူလယ်သမားများနှင့် စိုက်ပျိုးသူများကို လေ့လာဆည်းပူးနိုင်ရန် ဆောင်ရွက်ပေးရေး။
- ❒ ခေတ်မီ အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များ၊ ခေတ်မီကုန်လုပ်ကိရိယာများကို စနစ်တကျ သုတေသနပြုထုတ်လုပ်ရန်၊အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းများကို အားပေးကူညီသွားရေး။
- ❒ ပထမအားဖြင့် ဈေးကွက်စိုက်ပျိုးရေးစနစ်တွင် စိုက်ပျိုးသူများ၊ တောင်သူလယ်သမားများကို အသေးစား ကိုယ်ပိုင်ဖူလုံရေးလုပ်ကွက်ငယ် စိုက်ပျိုးရေးအဆင့်မှနေပြီး ဈေးကွက်အတွက် အများအပြား ထုတ်လုပ်ရောင်းချသောအဆင့်သို့ တက်လှမ်းလာစေသည်။ ထို့ကြောင့် တောင်သူလယ်သမားများ၏ သီးနှံသည် ပထမတွင် ဒေသအတွင်း၊ ထို့နောက် နိုင်ငံအတွင်း၊ ထိုမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သို့ တိုးချဲ့ဝင်ရောက်လာသည်။ ယနေ့ မြန်မာတောင်သူလယ်သမားများသည် ကမ္ဘာ့ဈေးကွက်နှင့် ပေါင်းကူးဆက်စပ်နေပြီဖြစ်၍ ပြည်တွင်းနှင့် နိုင်ငံတကာ အခြေအနေစုံတို့၏ လူမှုစီးပွားရေး ဆက်စပ်မှုများကို ဆန္ဒပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မစဉ်းစား၍ မရသောဘဝကို ရောက်လာပြီဖြစ်ပါတယ်။

ယနေ့ ၂၁ ရာစုအစဟာ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်သို့ ရောက်ရှိလာခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံများအဖို့ စီးပွားရေးအရသာမက နိုင်ငံရေးတွင်လည်း ပါတီစုံဒီမိုကရေစီ (အရင်းရှင်စနစ်)သို့ ကူးပြောင်းလာခဲ့ကြပြီး ဂလိုဘယ်အသွင်ဆောင်လာနေပါတယ်။ အခုလိုပြောင်းလဲလာသော ကမ္ဘာ့လူမှု အခင်းအကျင်းကြီးတွင် နိုင်ငံအသီးသီးတို့က မိမိတို့နိုင်ငံ ခေတ်မီဖွံ့ဖြိုးရေးကို အပြိုင်အဆိုင် ကြိုးပမ်းလာကြပါတယ်။

မြန်မာနိုင်ငံတွင်လည်း အမျိုးသားဖိုခုံလောက်ဆိုင် အင်အားစုကြီးသုံးရပ် ဖြစ်သော ပြည်သူလူထုကြီးရယ်၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများရယ်၊ တပ်မတော်ရယ်တို့ ခါးသီး နာကြည်း နောင်ကြဉ်စရာ သမိုင်းသင်ခန်းစာကိုယူပြီး ဒီမိုကရေစီ နိုင်ငံတော်သစ်ကို လက်တွဲကြိုးပမ်းသွားရမယ့်အချိန်အခါ ဖြစ်ပါတယ်။

ဒါကြောင့် အကြွင်းမဲ့ငြိမ်းချမ်းရေးလမ်းစဉ်ကို ခံယူကျင့်သုံးတဲ့ မိမိတို့ ခေတ်သစ်ပြည်သူ့ပါတီက လူယဉ်ကျေးရေးခေတ် ဆန့်ကျင်တဲ့ အကြမ်းဖက်မှု (ကာယ၊ ဝစီ၊ မနော)ပါတဲ့ လုပ်ငန်းတွေဟာ တိုးတက်တော်လှန်တဲ့ ပစ္စည်းတွေ၊ ပညာအလင်းရောင်တွေကို ဖျက်ဆီးတဲ့အတွက် ခေတ်နောက်ပြန်ဆွဲပြီး ကြမ်းတမ်းတဲ့သဘော၊ ယဉ်ကျေးရေးနဲ့ လူယဉ်ခေတ်ကို နောက်ပြန်ဆုတ်စေတဲ့ သဘောပါတဲ့အတွက် မထောက်ခံတာ ဖြစ်တယ်။ တိုးတက်တော်လှန်တဲ့ အဖိနှိပ်ခံလူတန်းစားနဲ့ အထက်တန်းစားတို့ချင်း ဖြစ်ပွားတဲ့ အကြမ်းဖက်မှုကိစ္စကို မိမိတို့ မထောက်ခံဘူးဆိုတာဟာ အဖိနှိပ်ခံရသူတွေကို မထောက်ခံဘူးလို့ဆိုလိုတာမဟုတ်ဘဲ သူတို့လိုက်တဲ့လမ်း၊ သူတို့ဆင်နွှဲတဲ့ အကြမ်းဖက်အသွင်ဟာ အောင်မြင်တိုးတက်မှုကိုမဖြစ်ပေါ်တဲ့အတွက် ဖြစ်ပါတယ်။ မိမိတို့ ထောက်ခံတဲ့တိုက်ပွဲအသွင်ကတော့ ငြိမ်းချမ်းတိုးတက်တဲ့ ပညာပေးရေးလမ်း ဖြစ်တယ်။ Theory becomes a material force when it grips the masses. သဘောတရားဟာ လူထုကို ချုပ်ကိုင်မိသည်နဲ့တစ်ပြိုင်နက် ရုပ်ဝတ္ထုအင်အားစု ဖြစ်လာတယ်ဆိုတဲ့ လူမှုသိပ္ပံတရားကိုသာ ကိုင်စွဲကျင့်သုံးသွားမယ် ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်လာရေးအတွက် လူမှုခေတ်သစ်၊ အခင်းအကျင်းသစ်ပြောင်းလဲရေး တာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားပါမယ်လို့ ကတိသစ္စာပြုပါတယ်။

မြန်မာပြည်သူတစ်ရပ်လုံး ကာယသုခ စိတ္တသုခ နှစ်ဌာန ပြည့်ဝချမ်းသာကြပါစေ။

# အနာဂတ်ကတော့ ယနေ့ဆရာတွေအပေါ်မှာ တည်နေပါတယ်

ဦးသန်းဦး

**အောက်တိုဘာလ ၅ရက်နေ့**
**တို့မျှားဘယ်မမေ့။**
**ကမ္ဘာတည်သရွေ့မြဲအစဉ်**
**မြန်မာ့ဓလေ့ပင်။**
**အနန္တဂိုဏ်းဝင်ဆရာများ**
**ရှိခိုးဦးညွတ်တွား။**

ပညာတန်ဆောင်(၂၀၀၉)

**ကမ္ဘာ့ဆရာများနေ့**

ယနေ့ ၂၀၁၀ခုနှစ် အောက်တိုဘာလ ၅ ရက် မြန်မာသက္ကရာဇ် ၁၃၇၂ ခုနှစ် တော်သလင်းလပြည့်ကျော် (၁၂)ရက် အင်္ဂါနေ့သည် ကမ္ဘာ့ဆရာများနေ့ (WORLD TEACHERS' DAY)ဖြစ်ပါသည်။ ဤနေ့သည် ပညာရေး နေ့ထူးနေ့မြတ်တစ်ရပ်လည်း ဖြစ်ပါသည်။

ရိုသေလေးစားထိုက်သူတို့ကို ရိုသေလေးစားခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ မိမိတို့အပေါ် ပြုထားဖူးသော ကျေးဇူးဂုဏ်ကို သိတတ်ခြင်း၊ ထိုကျေးဇူးကို တုံ့ပြန်ခြင်းတို့သည် စင်စစ်အားဖြင့် ကောင်းမြတ်သော မင်္ဂလာတရားတော်များ ဖြစ်ကြသည်နှင့်အညီ ဤကဲ့သို့သော ကမ္ဘာ့ဆရာများနေ့ အခါကာလသမယ၌ ဆရာများကို ကျွန်ုပ်တို့ အညီအညွတ် ဖွင့်ဟဖော်ထုတ် ချီးကျူး၍ အလေးအနက် ဂုဏ်ပြုကြရမည်သာ ဖြစ်ပါသည်။

ကမ္ဘာ့ဆရာများ၏ ကျေးဇူးဂုဏ်ကို လေးစားစွာ ဖော်ထုတ်ချီးကျူး ဂုဏ်ပြုအပ်ပါသည်။

**ကမ္ဘာ့ဆရာများနေ့ဆောင်ပုဒ်**

နှစ်စဉ်ကျင်းပသော ကမ္ဘာ့ဆရာများနေ့ အတွက် ဆောင်ပုဒ် (Theme)အာဘော်ကို နှစ်စဉ် သတ်မှတ်ချမှတ်ပေးပါသည်။

၂၀၀၈ခုနှစ် ကမ္ဘာ့ဆရာများနေ့ဆောင်ပုဒ်မှာ 'ဆရာသည်သာအခရာ' (TEACHERS MATTER) ဖြစ်ပါသည်။

၂၀၀၉ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်မှာ 'အနာဂတ်ကို တည်ဆောက်ဖို့ ယနေ့ ဆရာများအတွက် ရင်းနှီးမြှုပ်နှံစို့' (BUILD THE FUTURE INVEST IN TEACHERS NOW) ဖြစ်ပါသည်။

ယခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်မှာ 'ပြန်လည်ထူထောင်ရေး စွမ်းဆောင်မှု ဆရာများဖြင့် အစပြု' (RECOVERY BEGINS WITH TEACHRS) ဖြစ်ပါသည်။

ဖော်ပြပါ ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်များ၊ အာဘော်များ၏ အနှစ်သာရကိုကြည့်လျှင် ပညာရေး၌ ဆရာသည် အချက်အချာကျသဖြင့် အခရာသာဖြစ်ကြောင်း ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်ရန် ယနေ့ဆရာများကို ပြုစုပျိုးထောင်ရေး၌ ကောင်းမွန်စွာ ရင်းနှီးမြှုပ်နှံရန် လိုအပ်နေကြောင်း၊ ယနေ့ကမ္ဘာတွင် ရင်ဆိုင်ကြုံတွေ့နေရသော ကမ္ဘာ့စီးပွားရေးအကျပ်အတည်းမှ လွတ်မြောက်ထွက်မြောက်နိုင်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ အသိ၊ အတတ်ပညာဆိုင်ရာ ပြန်လည်နာလန်ထူလာအောင် ထူထောင်ရေးစွမ်းဆောင်မှု ပြုရာ၌လည်း ဆရာများကအစပြု၍ ကြိုးပမ်းမှုပြုသွားရန်ပင်ဖြစ်ကြောင်း၊ လိုရင်းတိုရှင်းအနေဖြင့် ဆော်သြတိုက်တွန်းအားပေးသည့်သဘောကို ဆောင်လျက်ရှိကြောင်း တွေ့ရှိမှတ်သားရပါသည်။

**အနာဂတ်သည် ဆရာများအပေါ်၌ တည်နေသည်**

ကမ္ဘာ့ဆရာဟုဆိုလျှင် မြန်မာ့ဆရာလည်း အကျုံးဝင်ပါရှိပါသည်။ ဆရာဟုဆိုလျှင် ဆရာမများလည်း အကျုံးဝင်ပါရှိနေပါသည်။ ထို့အတူ တပည့်ကျောင်းသားဟု ဆိုလျှင်လည်း တပည့်ကျောင်းသူတို့ပါ ပါရှိကြောင်း မှတ်ယူရန်ပင် ဖြစ်ပါသည်။

**'တိုင်းပြည်တစ်ပြည်ရဲ့ အနာဂတ်ဟာ**
**ဆရာတွေရဲ့ လက်ထဲမှာ ရှိတယ်လို့**
**ပြောလို့ရတယ်'**

ဝီလျံဂျိမ်း(စ်)

The teachers of this country, one may
say,
have its future in their hands.

***William James***

ကမ္ဘာ့ပညာရှင်တစ်ဦးဖြစ်သူ ဝီလျံဂျိမ်း(စ်)ဆိုသည့် ပုဂ္ဂိုလ်၏ ဖွင့်ဆိုမှုအရ တိုင်းပြည်တစ်ပြည်၏ အနာဂတ်သည် ထိုတိုင်းပြည်ရှိ ဆရာများ၏လက်ထဲ၌ ရှိနေသည်ဟု ပြော၍ရကြောင်း၊ ပြောနိုင်ကြောင်း အဓိပ္ပာယ်သက်ရောက်နေပါသည်။

မှန်ပါသည်။ တိုင်းပြည်တစ်ပြည်အတွက် အားကိုးအားထားရမည့် မျိုးဆက်သစ်လူငယ်တို့သည် ထိုတိုင်းပြည်၏အနာဂတ်ကို စင်စစ်အားဖြင့် ပိုင်စိုးကြသူများ ဖြစ်ကြပါသည်။ အဆိုပါ မျိုးဆက်သစ်လူငယ်များ (လူသားရင်းမြစ်များ)ကို သင်ကြားပြသနေသူများ၊ ပဲ့ပြင်သွန်သင်နေကြသူများ တစ်နည်းအားဖြင့် မျိုးဆက်သစ်လူသားရင်းမြစ်လူငယ်များကို ပြုစုပျိုးထောင်ပေးနေကြရသူများမှာ စင်စစ်အားဖြင့် ဆရာများပင် ဖြစ်ကြပါသည်။

ထို့ကြောင့် တိုင်းပြည်တစ်ပြည်၏ အနာဂတ်သည် ထိုတိုင်းပြည်၏ ဆရာများလက်တွင်း၌ ရှိနေသည်ဟု ပြောလျှင် ပြော၍ရကြောင်း အထက်ပါအတိုင်း ရည်ညွှန်းပြီး ဖွင့်ဟပြောဆိုခြင်း ဖြစ်ပေသည်။

အဆိုပါ တင်ပြချက်သည် ရိုးရိုးစင်းစင်း ရှင်းလင်းတင်ပြချက်တစ်ရပ်အဖြစ်လည်း မှတ်သားရပါသည်။ မှတ်သားထိုက်သည့် တင်ပြချက်တစ်ရပ် နှစ်ခြိုက်လက်ခံနိုင်ဖွယ်ရာလည်း ရှိပါသည်။

အလားတူ တိုတိုနှင့် ချိုချို (Short and Sweet) မိန့်ဆိုတင်ပြထားသူ တစ်ဦးလည်း ရှိပါသေးသည်။ ထိုသူမှာ 'ဟင်နရီဘရွတ်(စ်)အဒမ်'ဆိုသူပဲ ဖြစ်ပါသည်။ ထိုသူက-

**'ဆရာဆိုသည်မှာ အနန္တကျေးဇူးရှင် ဖြစ်သည်။ သူ၏ဩဇာသက်ရောက်မှုသည် မည်သည့်အခါမျှ အဆုံးသတ်သွားမည် မဟုတ်ပေ'**

ဟင်နရီဘရွတ်(စ်)အဒမ်

'A teacher affects eternity, he can never tell where his influence stops.'

***Henery Brook Adams***

ဟု ဖွင့်ဟမိန့်ဆိုထားပါသည်။

မှန်ပါသည်။ အဆိုပါ ကမ္ဘာ့ပညာရှင်တစ်ဦး မိန့်ဆိုထားသကဲ့သို့ ဆရာသည် အနန္တကျေးဇူးရှင်ဖြစ်ကြောင်း မြန်မာတို့ကလည်း ယဉ်ကျေးမှုအစဉ်အလာအရ လည်းကောင်း၊ ယုံကြည်ကိုးကွယ်မှုအရ လည်းကောင်း ကောင်းစွာ လက်ခံထားပြီး ဖြစ်ပါသည်။ တပည့်တို့အပေါ်တွင် ဆရာ၏ ဩဇာသက်ရောက်မှုသည် ကြီးမား၍ မည်သည့်အခါမျှ အဆုံးသတ်သွားမည် မဟုတ်ကြောင်းကို လည်းကောင်း၊ ဆရာ၏ ဩဇာထာဝရ ရှင်သန်နေမည်မှာလည်း အမှန်ပင်ဖြစ်ကြောင်း မြန်မာတို့အနေဖြင့်လည်း သက်ဝင်ယုံကြည်ကြပါသည်။

အထက်ဖော်ပြပါ ဆရာနှင့် စပ်လျဉ်းသည့် ယူဆချက်များနှင့် တစ်ဆက်တည်း ယနေ့ 'ပညာရာစု'၊ 'ပညာခေတ်'၊ 'ပညာ့လူ့အဖွဲ့အစည်း'တွင် ဆရာများ၏ သင်ပြမှု၊ ထိုသင်ပြမှု၏ အကျိုးသက်ရောက်မှု အနာဂတ်အတွက် အာမခံချက်ရှိရန် လိုအပ်မှုစသည်တို့နှင့် စပ်လျဉ်း၍ အရေးတယူအလေးမူ ထောက်ပြထားမှု တစ်ရပ်လည်းရှိနေပါသည်။

**"တိုင်းပြည်ရဲ့ အနာဂတ်ဟာ ဆရာတွေရဲ့ ပခုံးပေါ်မှာ ကျရောက်နေတယ်။**
**ဆရာတွေက တပည့်တွေကို ဘယ်လိုသင်ကြားပေးနေသလဲ ဆိုတာအပေါ်မှာ တည်နေတယ်။**
**ကမ္ဘာကြီးရဲ့ အနာဂတ်ကတော့ ဆရာတွေ သင်ပြနေတဲ့ စာသင်ခန်းတွေထဲမှာ ရှိနေတာပေါ့။**
**ဒီကနေ့ ကလေးငယ်တွေကို စာသင်ခန်းထဲမှာ ဘယ်လို သင်ကြားပေးနေသလဲဆိုတာတွေဟာ ၂၁ ရာစုမှာ ကောင်းတဲ့အကျိုးသက်ရောက်မှုတွေကို အာမခံချက်ပေးနေမှာပါ။"**

ရစ်ချက်ရယ်ဂျီနယ်လ်ဂရင်း

The future of the nation is on the shoulders of teachers and how they teach kids: the future of the world is in the classroom where the teachers are. And if we have any chance to grantee a positive bridge to the 21st Century, it is how we educate the children in the classroom today.

***Richard Reginald Green***

မှန်ပါသည်။ ဤနှစ်ဆယ့်တစ်ရာစုသည် ထူးခြားထက်မြက်သည့်ရာစုဖြစ်၍ ကမ္ဘာ့ရွာမှာ ပညာသည်သာ ရတနာဖြစ်၍ ဆရာကလည်း အခရာဖြစ်ပါသည်။ ပညာကို မှန်ကန်စွာပေးနိုင်သူ၊ ပညာကို မှန်ကန်စွာပေးရမည့်သူသည် ဆရာဖြစ်နေပါသည်။

**"ဆရာမပြ နည်းမကျ/နည်းမရ**
**ရသည့်ပညာ မသေချာ"**

ဟူသော မြန်မာပညာရှင်တို့၏ ဆိုရိုးစကား အလေးထားကြရပါမည်။

ဆရာ၏ စာသင်ခန်းအတွင်း၌ လည်းကောင်း၊ စာသင်ခန်း၏ ပြင်ပအားကစားကွင်း၌ လည်းကောင်း နည်းစနစ်ကျကျ နည်းစနစ်မှန်မှန် သင်ကြားပြသသူများ၊ ဆိုဆုံးမလမ်းညွှန်မှုများ ပြုလုပ်ရပါမည်။ ဆရာ့ထံမှ စနစ်တကျ သင်ယူမှုနှင့် ခံယူမှုတို့ကိုလည်း တပည့်များ ရရှိသွားအောင် ဆောင်ကြဉ်းပေးရပါလိမ့်မည်။ တပည့်များ တီထွင်ဖန်တီးတတ်အောင် ကြံဆောင် ဖော်ဆောင်ပေးကြရပါလိမ့်မည်။ ထိုသို့ ကြံဆောင် ဖော်ဆောင်သင်ပြလမ်းညွှန်ပေးကြရမည့်သူသည် ယနေ့ ကမ္ဘာ့ဆရာများပင် ဖြစ်ကြပါသည်။

**သင်ယူမှုမဏ္ဍိုင်ကြီးလေးရပ်**

ကမ္ဘာ့ပညာရှင်ကြီးများ စုဝေးတိုင်ပင် ညှိနှိုင်းကြပြီး နှစ်ဆယ့်တစ်ရာစု၏ သင်ယူမှု မဏ္ဍိုင်ကြီးလေးရပ်ကို အညီအညွတ် သတ်မှတ်ပြဋ္ဌာန်းပေးကြပါသည်။ ၎င်းတို့မှာ-

(၁) အသိပွားဖို့ သင်ယူခြင်း
(Learning To Know)

(၂) လုပ်ကိုင်တတ်ဖို့ သင်ယူခြင်း
(Learning To Do)

(၃) တစ်ဦးချင်းအဖြစ် အစွမ်းကုန်ဖွံ့ဖြိုးဖို့ သင်ယူခြင်း
(Learning To Be)

(၄) ကမ္ဘာသားအဖြစ် အတူနေတတ်ဖို့ သင်ယူခြင်း
(Learning To Live Together)

တို့ဖြစ်ပါသည်။

ကမ္ဘာ့ဆရာများသည် စာသင်ခန်းတွင်းနှင့် အားကစားကွင်းကဲ့သို့သော စာသင်ခန်းပြင်ပ၌ တပည့်များကို ဤသင်ယူမှု မဏ္ဍိုင်ကြီးလေးရပ်နှင့်အညီ သင်ယူတတ်မြောက်လာအောင် ကောင်းစွာ စနစ်ကျနစွာ နည်းမှန်လမ်းမှန် မှန်လေးမှန်ဖြင့် လေ့ကျင့်ပျိုးထောင်ပေးကြရပါမည်။ သို့မှသာ တပည့်များသည် လိုအပ်မည့် အသိပညာ၊ နည်းပညာ၊ အတတ်ပညာများကို ဆည်းပူးရယူပွားများကြပြီးလျှင် တစ်ဦးချင်းအနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာကြပါမည်။ ကမ္ဘာသူ ကမ္ဘာသားအဖြစ် မတည့်အတူသေကြရမည့်(Co-extinction) အစား မတည့်အတူနေတတ်ခြင်း(Co-existence)ကိုလည်း ရရှိလာကြပါမည်။

ထို့အပြင် တပည့်များသည် ဆရာ၏ နည်းမှန်လမ်းမှန်ဖြင့် ဝါယမစိုက်ထုတ်သင်ပြမှု၊ အဖိုးမဖြတ်နိုင်သည့် လမ်းညွှန်မှုကောင်းကို ရရှိလာကြသဖြင့် တွေးခေါ်မြော်မြင်တတ်ခြင်း၊ တွေးတောကြံဆ အသစ်ဖန်တီး တည်ဆောက်တတ်ခြင်း၊ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားအမှန်တို့ကို ဝေဖန်ထောက်ရှုတတ်ခြင်း၊ ဆင်ခြင်တုံတရားဖြင့်နှိုင်းဆချင့်ချိန်တတ်ခြင်း တည်းဟူသော တကယ့်အကျိုးရလဒ်ကောင်းများကို ရရှိလာကြမည်သာ ဖြစ်ပါသည်။

**ယနေ့ ဆရာကိုယ်တိုင်က**

ယနေ့ ဆရာကိုယ်တိုင်က ၂၁ရာစု ဆရာပီသစွာ မြင့်မြတ်သည့် ဆရာ့စိတ်နေစိတ်ထား အမူအကျင့်တို့ဖြင့် အစဉ်လေ့လာသင်ယူနေသူ **"ထာဝရကျောင်းသား"** ဖြစ်နေသကဲ့သို့ မိမိတို့၏ တပည့်များကိုလည်း အစဉ်လေ့လာသင်ယူမှုကို မြတ်နိုးတန်ဖိုးထားတတ်သူ (LOVE FOR LEARNING) တပည့်၏ ဘဝတစ်လျှောက် အစဉ်လေ့လာ သင်ယူနေသူ (LIFE LONG LEARNING) ဖြစ်လာအောင် တစ်ပါတည်း ဆောင်ကြဉ်းပျိုးထောင်ပေးနိုင်ရပါမည်။ ဆောင်ကြဉ်းပျိုးထောင်ပေးနေရမည်လည်းဖြစ်ပါသည်။

ထိုသို့ လေးနက်မြင့်မား မွန်မြတ်လှသော ဆရာ့တာဝန်ကို ထမ်းဆောင်ကြရသည့် ယနေ့ဆရာကိုယ်တိုင်က ကြီးမားသော "မေတ္တာရှင်၊ ကရုဏာရှင်၊ မုဒိတာရှင်"၊ မွန်မြတ်လှသော "စေတနာရှင်၊ ဝါသနာရှင်၊ အနစ်နာရှင်၊ စာနာရှင်"အဖြစ် ရပ်တည်နေနိုင်အောင် မိမိကိုယ်ကိုယ် ပြုစုပျိုးထောင်မှု ပြုနေကြရမည်လည်း ဖြစ်ပါသည်။

သို့မှသာ တပည့်များက တကယ်အားကိုးရသည့် နှစ်ဆယ့်တစ်ရာစု၏ တကယ့်ဆရာ အိုဘယ့်ဆရာ ဖြစ်ပါလိမ့်မည်။

**ဘက်စုံအလှ ဆင်ပေးနေကြသူများ**

ယနေ့ ကမ္ဘာပေါ်ရှိ ဆရာဦးရေ သန်းပေါင်းခြောက်ဆယ်(သန်း ၆၀)ကျော်သည် တပည့်ကျောင်းသားဦးရေ သန်းပေါင်းတစ်ထောင်(သန်း ၁၀၀၀)ကျော်ကို ကာယဖွံ့ဖြိုးမှု "ကာယအလှ"၊ ဉာဏဖွံ့ဖြိုးမှု "ဉာဏအလှ"၊ စာရိတ္တဖွံ့ဖြိုးမှု "စာရိတ္တအလှ"၊ ရသဖွံ့ဖြိုးမှု "ရသအလှ"၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှု "သက်မွေးအလှ" တည်းဟူသော ဘက်စုံဖွံ့ဖြိုးမှု "ဘက်စုံအလှ" တို့နှင့်ကုံလုံပြည့်စုံရလေအောင် ကြိုးကုတ်အားထုတ် အလှဆင်ပေးနေကြပါသည်။

သို့ဖြင့် ကမ္ဘာ့ဆရာများ (မြန်မာ့ဆရာများ အပါအဝင်)သည် မိမိတို့ တတ်သိကျွမ်းကျင်လိမ္မာသည့် "ပညာ"ဖြင့် ကမ္ဘာကို အလှဆင်ပေးနေကြသူ ကမ္ဘာ့ဆရာများအဖြစ် လည်းကောင်း၊ အနာဂတ်ကို ဖန်တီးမည့် ကမ္ဘာ့ဆရာ ကဏ္ဍတစ်ရပ်အဖြစ် လည်းကောင်း၊ ယနေ့ သတ်သတ်မှတ်မှတ် မှတ်ယူလက်ခံထားကြပါသည်။ တပည့်အပေါင်းတို့ ရိုသေလေးစားအားထား အားကိုးရသည့် ဆရာ၊ ဆရာ့ကျေးဇူးများသည် တပည့်များအဖို့ အစဉ်ထာဝရ ရှိနေပါသည်။

အချုပ်အားဖြင့်

**ဆရာ့ အလှက တကယ့်အလှ**
**ဆရာ့ ကျေးဇူးကတော့ ထာဝရ**

ဖြစ်ပါကြောင်း။

**ဩော် . . .**
**ကြယ်စင်အနန္တ၊ တွက်ရေမရသို့**
**များစွာဂုဏ်ရည်၊ ရွှန်းလက်ကြည်ဖြာ**
**မြတ်ဆရာကား၊ လေးစားရိုကျိုး**
**မြတ်နိုးသဒ္ဓါ၊ ဖြူစင်စွာဖြင့်**
**ဆယ်ဖြာစုံလက်၊ ကြာမုံယှက်၍**
**မပျက်ဦးခိုက် အပ်သူပါတကား။ ။**

(၂၀၀၂ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့
အထိမ်းအမှတ်စာစောင်မှ)

**ယနေ့ကမ္ဘာပေါ်ရှိ ဆရာဦးရေ သန်းပေါင်းခြောက်ဆယ် (သန်း ၆၀)ကျော်သည် တပည့်ကျောင်းသားဦးရေ သန်းပေါင်းတစ်ထောင် (သန်း ၁၀၀၀)ကျော်ကို ကာယဖွံ့ဖြိုးမှု "ကာယအလှ"၊ ဉာဏဖွံ့ဖြိုးမှု "ဉာဏအလှ"၊ စာရိတ္တဖွံ့ဖြိုးမှု "စာရိတ္တအလှ"၊ ရသဖွံ့ဖြိုးမှု "ရသအလှ"၊ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးမှု "သက်မွေးအလှ" တည်းဟူသော ဘက်စုံဖွံ့ဖြိုးမှု "ဘက်စုံအလှ" တို့နှင့် ကုံလုံပြည့်စုံရလေအောင် ကြိုးကုတ်အားထုတ် အလှဆင်ပေးနေ။**

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များ ဗီယင်ကျန်းမြို့ရှိ Lao Women's Association သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၄

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် သူရဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၏ဇနီး ဒေါ်နန်းအေးစံတို့ လိုက်ပါလျက် အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ Lao Women's Association သို့ သွားရောက်လေ့လာသည်။**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ဗီယင်ကျန်းမြို့ရှိ Lao Women's Association သို့ ရောက်ရှိကြရာ Lao Women's Association ဥက္ကဋ္ဌ Ms. Sysay Leudemounsone နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် Lao Women's Association အတွင်း လက်မှုပစ္စည်းနှင့် ချည်ထည်၊ ပိုးထည် ပြခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်သည် Lao Women's Association ဧည့်ခန်းမ၌ ဥက္ကဋ္ဌ Ms. Sysay Leudemounsone နှင့်တွေ့ဆုံ၍ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့ရှိ Ammarinh လက်မှုပစ္စည်းနှင့် ချည်ထည်ထုတ်လုပ်မှု လုပ်ငန်းသို့ရောက်ရှိကြပြီး ရိုးရာလက်မှုပစ္စည်းနှင့် ချည်ထည်များ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် Lao Women's Association ဥက္ကဋ္ဌ Ms. Sysay Leudemounsone တို့ အမှတ်တရ လက်ဆောင်များ အပြန်အလှန် ပေးအပ်ကြစဉ်။** (သတင်းစဉ်)



**ကြည့်ရှုလေ့လာ**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ ဗီယင်ကျန်းမြို့ရှိ Lao Women's Association အတွင်း လက်မှုပစ္စည်းနှင့် ချည်ထည်၊ ပိုးထည်ပြခန်းတို့ကို ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)



## မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၄**

အရက်ကလေးလည်းကြိုက်တတ်. . ဖဲကလေးလည်းရိုက်တတ်. . ကာရာအိုကေလည်းသွားတတ်သူကို မဲပေးမှာလား သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၄၈)ကို ယနေ့ဖြန့်ချိလိုက်သည်။

ပြည်သူလူထုကစောင့်ကြည့်နေတယ်၊ သိနေတယ်၊ အပြောင်းအလဲကိုလိုလားတယ်၊ ဒါပြည်သူ့ဆန္ဒပဲဆိုတဲ့ ဝံသာနု NLD မှ ဦးထွန်းရွှေနှင့်တွေ့ဆုံမေးမြန်းခြင်း၊ မဲရုံအတွင်း တစ်စုံတစ်ယောက်က မည်သည့်ပါတီ မည်သည့်လွှတ်တော်ကို မဲပေးဖို့ စည်းရုံးသိမ်းသွင်းပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပြီး မဲဆန္ဒရှင်အနေဖြင့် လျှို့ဝှက်မဲဆန္ဒပြုအခန်းတွင် မိမိစိတ်ကြိုက်လွတ်လပ်စွာ မဲပေးနိုင်၊ အရေးပေါ်လှေကား ခြောက်စင်းတပ်ထားသည့် မင်္ဂလာဈေးသစ်ကြီး၊ လိုင်စင်မဲ့ကား အခွန်ဆောင်ခြင်း ကိစ္စရပ်များပြီးဆုံးလုနီးပါးဖြစ်ကာ လိုင်စင်ဝင်ပြီးသောကားများ အရောင်အသွေးစုံနေခြင်းကြောင့် စိတ်ဝင်စားသူများပြား၊ မန္တလေးအကျဉ်းထောင်၌ သီတဂူဆရာတော် တရားဟောကြားချီးမြှင့်မည်။ လူကြိုက်များခဲ့သည့် ကျပ်ငါးသိန်းတန် CDMA 450 MHz နေပြည်တော်ဒေသတွင်းသုံးဖုန်းများ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရောင်းပေးမည်၊ နိုင်ငံတော် ဗဟိုဘဏ်က ငွေစက္ကူများ လဲလှယ်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များလျှော့ချ၊ မြန်မာ့လေကြောင်းတွင် အသုံးပြုနိုင်ရန် တရုတ်နိုင်ငံထုတ် MA-60 လေယာဉ်များရောက်ရှိ၊ မဲပေးပိုင်ခွင့်ရှိသူ ၂၉သန်းကျော်က လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၀၀၀ ကျော်ကို ဆန္ဒမဲပေးရွေးချယ်မည်၊ စင်မြင့်ဖျော်ဖြေပွဲများနှင့် လက်မှတ်အတုပြဿနာ၊ အိုစမာဘင်လာဒင်က မွမ်ဘိုင်းမြို့တိုက်ခိုက်သည့်ပုံစံမျိုး ဥရောပမြို့ကြီးများကို တိုက်ခိုက်ရန်ညွှန်ကြား၊ အီရန်ကိုတိုက်ဖို့ အမေရိကန်အကြောင်းရှာနေပြီ၊ ကျွန်းတစ်ကျွန်းအတွက် စစ်နှုတ်ခမ်းဝရောက်ခဲ့ရတဲ့ ဂျပန်နှင့်တရုတ်၊ အီရန်က ရန်သူအပေါ် တုံ့ပြန်ရေးအစီအစဉ်စသည့်နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၅-၁၀-၂၀၁၀ (အင်္ဂါနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အနန္တဂုဏ်ရည်နှင့် ရတနာ့ဂုဏ်အကျိုးပြ"တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ )
- ၆း၄၀ အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့်နှီးဘုရား
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၄)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁)**
- ၈း၃၀ A Night of Pop (Part-3)
- ၉း၂၀ ကမ္ဘာ့ဆရာများနေ့ဂုဏ်ပြု အစီအစဉ်တွေ့ဆုံဆွေးနွေးခန်း
- ၉း၅၀ Cartoon Show Time (Spirit of the Forest)
- ၁၀း၂၅ Activities In The City (အထွေထွေရောဂါများနှင့် အလှအပဆိုင်ရာများအတွက် ရန်ဟိုး)
- ၁၀း၄၀ Celebrity Style (ဝေလျှံ)
- ၁၁း၁၀ ဒါနရှင်များပေါင်းစုသော "အလိုတော်ပြည့်"ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းအလှူတော်
- ၁၁း၃၀ International Show Biz
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၅ ရိန်မိုးရဲ့"ကောင်းကင်ကအချစ်ငှက်"တေးစီးရီးမိတ်ဆက်
- ၁၂း၃၅ ကလေးများနှင့်ကျန်းမာရေး (ဒေါက်တာခင်စပယ်အေး)
- ၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ် (Dealing with Different People)
- ၁း၀၀ "အနန္တဂုဏ်ရည်နှင့် ရတနာ့ဂုဏ်အကျိုးပြ"တရားတော် (မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ် (World Maritime Day Ceremony)
- ၂း၅၀ ရိန်မိုးရဲ့"ကောင်းကင်ကအချစ်ငှက်"တေးစီးရီးမိတ်ဆက်
- ၃း၀၅ ဒွါရာဝတီ၏အနုပညာ. . . ဝါးရက်ကန်းလက်ရာ
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၄)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁)**
- ၄း၃၅ Activities In The City (အထွေထွေရောဂါများနှင့် အလှအပဆိုင်ရာများအတွက် ရန်ဟိုး)
- ၄း၅၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွဲများ (ဟာသသရုပ်ဆောင်ဦးကျော်လီ ဆွေသို့အမှတ်တရမှတ်တမ်း) (အပိုင်း-၁)
- ၅း၂၅ ရန်ကုန်မြင်ကွင်းကျယ် (BSX ဆိုင်ဖွင့်ပွဲ)
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးကျန်းမာရေးဆိုင်ရာ အယူအဆအမှားများ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၃၅)**
- ၇း၂၀ A Night of Pop (Part-4)
- ၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ဟောပြောချက် အစီအစဉ်
- ၈း၃၀ သူတို့ဘဝသူတို့ဟာသ (ဦးမိုးကျော်)
- ၈း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂)**
- ၁၀း၀၀ Celebrity Choice (ငယ်ငယ်)
- ၁၀း၂၅ ရန်ကုန်မြင်ကွင်းကျယ် (World Maritime Day Ceremony)
- ၁၀း၅၀ ကမ္ဘာ့ဆရာများနေ့ဂုဏ်ပြု အစီအစဉ်တွေ့ဆုံဆွေးနွေးခန်း
- ၁၁း၂၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွဲများ (ဟာသသရုပ်ဆောင်ဦးကျော်လီ ဆွေသို့အမှတ်တရမှတ်တမ်း) (အပိုင်း-၁)
- ၁၁း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Dealing with Different People)
- ၁၂း၀၀ ဒါနရှင်များပေါင်းစုသော "အလိုတော်ပြည့်"ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းအလှူတော်
- ၁၂း၂၀ အနုပညာမိုးကောင်းကင်
- ၁၂း၄၀ စာအုပ်ပြခန်း (မြန်မာ့ခြင်းလုံးအားကစား အကြောင်းသိကောင်းစရာနှင့် လွယ်ကူမှန်ကန်သည့်ခြင်းလုံးခတ် လေ့ကျင့်နည်းများ)
- ၁း၀၀ ရန်ကုန်မြင်ကွင်းကျယ် (BSX ဆိုင်ဖွင့်ပွဲ)
- ၁း၀၅ လင်းလက်သောကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း
- ၁း၂၅ World of Knowledge (Mega Structure; Akashi Kaikyo Bridge)
- ၂း၁၀ ဖွားချို (စံရှားတင်၊ ဝါးခယ်မရဲမောင်) [ဒါရိုက်တာ-ခင်ဇော်(ကေသီပန်)]
- ၂း၃၀ Shooting Location (ဘဝတံခွန်)
- ၂း၄၅ မြန်မာ့လက်မှုပညာ (ထန်းပန်းချီ၊ ကျောက်စီပန်းချီ)
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၀ ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတမြန်မာ့အက
- ၄း၁၀ သာယာလှပတောင်ပေါ် ညောင်ရွှေမှ စမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
- ၄း၃၀ အိုက်ကီဒိုနှင့်သမီးပျို
- ၄း၅၀ တောင်ကြီးမြို့ရဲ့တုမရှိ လောကချမ်းသာစူဠာမုနိ
- ၅း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဆာဗာနာခက်ပြည်နယ် အုပ်ချုပ်ရေးမှူး H. E. Mr. Vilayvanh Phomkhe လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်၍ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် အောက်တိုဘာ ၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆာဗာနာခက်ပြည်နယ် အုပ်ချုပ်ရေးမှူး H. E. Mr. Vilayvanh Phomkhe သည် အောက်တိုဘာ ၂ ရက် ညနေ ၆ နာရီတွင် ခေတ္တတည်းခိုသည့် Daosavan Resort Hotel ဧည့်ခန်းမသို့ လာရောက်၍ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။**

**တက်ရောက်**

ထိုသို့ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆာဗာနာခက်ပြည်နယ် အုပ်ချုပ်ရေးမှူး H. E. Mr. Vilayvanh Phomkhe နှင့် အတူ သမ္မတရုံးဝန်ကြီး H. E. Mr. Phongsavath Boupha၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Kouily A. SOUPHAKHET၊ ဆာဗာနာခက်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Dr. Khampherk Phanthachon နှင့် ပြည်နယ်အဆင့်အရာရှိကြီးများ တက်ရောက်ကြသည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆာဗာနာခက်ပြည်နယ်အုပ်ချုပ်ရေးမှူး H. E. Mr. Vilayvanh Phomkhe လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**ရိုးရာဆုတောင်းပွဲ**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဆာဗာနာခက်ပြည်နယ် အုပ်ချုပ်ရေးမှူး H. E. Mr. Vilayvanh Phomkhe နှင့် အဖွဲ့ဝင်များနှင့် အတူ Daosavan Resort Hotel ၌ ကျင်းပသည့် လာအိုရိုးရာဆုတောင်းပွဲသို့ တက်ရောက်ကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဆာဗာနာခက်ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က ည ၇ နာရီတွင် Daosavan Resort Hotel ခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

**ဖျော်ဖြေတင်ဆက်**

ဂုဏ်ပြုညစာစားပွဲ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များက ရိုးရာ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းစည်း ပေးအပ်ကြပြီး လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် အတူ စုပေါင်း၍ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)





# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း (ပြေး/ခုန်/ပစ်)ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း (ပြေး/ခုန်/ပစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် ခေတ္တဌာနချုပ်မှူး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**ပေးအပ်ချီးမြှင့်**

အဆိုပါအခမ်းအနားသို့ တပ်မတော် အရာရှိကြီးများ၊ ဖိတ်ကြားထားသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက် အားပေးကြသည်။ ယင်းနောက် ပြိုင်ပွဲဆုပေးပွဲကို ဆက်လက်ကျင်းပရာ အနိုင်ရရှိသွားသော အားကစားသမားများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေယာဉ်ထုတ်လုပ် ပြင်ဆင်ရေးဌာနချုပ် ခေတ္တဌာနချုပ်မှူး **(ဝဲပုံ)** က တံခွန်စိုက်ဆု ရရှိသွားသောအသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဆာဗာနာခက်မြို့ရှိ အင်ခန်စေတီတော်အား ဖူးမြော်ကြည်ညိုကြစဉ်။
(သတင်းစဉ်)





# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဆာဗာနာခက်မြို့ရှိ အင်ခန်စေတီတော်အား ဖူးမြော်ကြည်ညို

နေပြည်တော်   အောက်တိုဘာ   ၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆာဗာနာခက်မြို့ရှိ အင်ခန်စေတီတော် (Ing Hang Stupa) သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၂၅ မိနစ်တွင် ဆာဗာနာခက်မြို့ရှိ အင်ခန်စေတီတော်သို့ရောက်ရှိကြရာ ဆာဗာနာခက်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E .Mr. Vilayvanh Phomkhe နှင့် ဇနီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ကပ်လှူပူဇော်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် စေတီတော်ရင်ပြင်တော်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် အင်ခန်စေတီတော်၏ ရှေးဟောင်း ရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ရွှေတိဂုံစေတီတော်ပုံတူ ကျောက်စီပန်းချီကား၊ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားဆင်းတုတော်၊ ပိဋကတ်သုံးပုံနှင့် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ သံရုံး၊ စစ်သံရုံးဝန်ထမ်းများအား သြဝါဒစကား ပြောကြားစဉ်။
(သတင်းစဉ်)





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ် ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

◆ **ကျောဖုံးမှ**

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်၊ သမ္မတရုံး ဝန်ကြီး H.E. Mr. Phongsavath Boupha၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Hiem PHOMMACHANH နှင့် အဆင့်မြင့်အရာရှိကြီးများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းလှိုင်နှင့် ဇနီး၊ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

## ပြန်လည်ရောက်ရှိ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

# နိုင်ငံတော် အေးချ…
# ဦးဆောင်သော မြန်မာ…

**ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်… သမ္မတနိုင်ငံ ဆာဗာနာခက်မြို့ရှိ လာအိုအမျိုး…**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၃ နာရီ မိနစ် ၄၀ တွင် ဆာဗာနာခက်မြို့ရှိ လာအိုအမျိုးသားခေါင်းဆောင် ကိုင်ဆွန်ဘူဗီဟန် နေအိမ်ပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ပြတိုက်တာဝန်ရှိသူများက လာအို အမျိုးသားခေါင်းဆောင် ကိုင်ဆွန်ဘူဗီဟန်၏ နေအိမ်ပြတိုက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

## သွားရောက်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြတိုက်ဝင်းအတွင်းရှိ လာအိုအမျိုးသားခေါင်းဆောင် ကိုင်ဆွန်ဘူဗီဟန်၏ အရိုးပြာအုတ်ဂူကို သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်



## မြန်မာ့ရုပ်မြ…

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၈း၀၀ | ၇။ | အကပြိုင်ပွဲ |
| ၈း၁၀ | ၈။ | နှောင်းခေတ်တေးပဒေသာ |
| ၈း၂၀ | ၉။ | “မျှော်သူမမောစေချင်” |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

၄း၀၀ ၄း၁၀ ၄း၂၀ ၄း၃၀ ၄း၄၅ ၄း၅၀ ၅း၀၅ ၅း၃၀ ၅း၄၅ ၆း၀၀

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆာဗာနာခက်မြို့၌ ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၄

**ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အောက်တိုဘာ ၂ ရက် ညနေပိုင်းတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဆာဗာနာခက်မြို့ရှိ လာအိုအမျိုးသားခေါင်းဆောင် ကိုင်ဆွန်ဘူဗီဟန် နေအိမ်ပြတိုက် (Kaysone Phomvihane Museum)သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၃ နာရီ မိနစ် ၄၀ တွင် ဆာဗာနာခက်မြို့ရှိ လာအိုအမျိုးသားခေါင်းဆောင် ကိုင်ဆွန်ဘူဗီဟန် နေအိမ်ပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ပြတိုက်တာဝန်ရှိသူများက လာအို အမျိုးသားခေါင်းဆောင် ကိုင်ဆွန်ဘူဗီဟန်၏ နေအိမ်ပြတိုက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဆာဗာနာခက်မြို့ရှိ လာအိုအမျိုးသားခေါင်းဆောင် ကိုင်ဆွန်ဘူဗီဟန် နေအိမ်ပြတိုက်ကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

## သွားရောက်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြတိုက်ဝင်းအတွင်းရှိ လာအိုအမျိုးသားခေါင်းဆောင် ကိုင်ဆွန်ဘူဗီဟန်၏ အရိုးပြာအုတ်ဂူကို သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဆာဗာနာခက်မြို့ လာအို-ထိုင်းနှစ်နိုင်ငံ နယ်စပ်ရှိ မဲခေါင်မြစ်ကူး လာအို-ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၂)ကို မော်တော်ယာဉ်များဖြင့် သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဆာဗာနာခက်မြို့ မြို့ပြ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး ခေတ္တတည်းခိုသည့် ဆာဗာနာခက်မြို့ရှိ Daosavan Resort Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းတွင် ဆာဗာနာခက်မြို့ရှိ MITR သကြားစက်သို့ သွားရောက်လေ့လာကြသည်။



## ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဆာဗာနာခက်မြို့ရှိ MITR သကြားစက်သို့ ရောက်ရှိကြရာ MITR Phol Sugar Corp.,Ltd. ဥက္ကဋ္ဌ Mr.Krisda Monthienvichienchai နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## နှုတ်ခွန်းဆက်

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား စက်ရုံဧည့်ခန်းမဆောင်၌ MITR Phol Sugar Corp., Ltd. ဥက္ကဋ္ဌ Mr. Krisda Monthienvichienchai က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် Lao Sugar Co.,Ltd. မှ အရောင်းနှင့် ဈေးကွက်မန်နေဂျာ Mr. Krichpetch Phondonkor က သကြားစက်ရုံနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



## နှုတ်ခွန်းဆက်စကား ပြောကြား

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား ဆာဗာနာခက်မြို့ရှိ MITR သကြားစက်ရုံဧည့်ခန်းမဆောင်၌ MITR Phol Sugar Corp.,Ltd. ဥက္ကဋ္ဌ Mr. Krisda Monthienvichienchai က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားစဉ်။** (သတင်းစဉ်)

## ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား MITR Phol Sugar Corp.,Ltd. ဥက္ကဋ္ဌ Mr. Krisda Monthienvichienchai က သစ်သီးခြင်းလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က MITR Phol Sugar Corp.,Ltd. ဥက္ကဋ္ဌ Mr. Krisda Monthienvichienchai အား ကရဝိက်ကျောက်စီ ပန်းချီကားကို အမှတ်တရ လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် MITR သကြားစက်ရုံဝင်းအတွင်း၌ အမှတ်တရ သစ်ပင်စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် စက်ရုံမှတာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ဆာဗာနာခက်မြို့ရှိ KOLAO မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ရေး စက်ရုံသို့ ရောက်ရှိကြရာ ကုမ္ပဏီဥက္ကဋ္ဌ Mr.Jheon Chaung Wook နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ရှင်းလင်းတင်ပြ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဝင်များအား စက်ရုံဧည့်ခန်းမဆောင်၌ ကုမ္ပဏီဥက္ကဋ္ဌက မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ရေး ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုသည့် ဆာဗာနာခက်မြို့ရှိ Daosavan Resort Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၅-၁၀-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၆။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈း၀၀ | ၇။ | အကပြိုင်ပွဲ |
| ၈း၁၀ | ၈။ | နှောင်းခေတ်တေးပဒေသာ |
| ၈း၂၀ | ၉။ | "မျှော်သူမမောစေချင်" |
| ၈း၄၀ | ၁၀။ | International News |
| ၈း၄၅ | ၁၁။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | အတီးပြိုင်ပွဲ |
| ၄း၂၀ | ၃။ | တေးဂီတအစီအစဉ် |
| ၄း၃၀ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ) |
| ၄း၄၅ | ၅။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၄း၅၀ | ၆။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၅း၀၅ | ၇။ | "ဖွားချို" |
| ၅း၃၀ | ၈။ | "ရွှေမျက်ပါး (ခေါ်) ရွှေဆိုင်းလုပ်ငန်း" |
| ၅း၄၅ | ၉။ | ရင်မှာစွဲထင်တေးအလှသံစဉ် |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆း၃၅ | ၁၃။ | ဆိုလိုက်ကြစို့ |
| ၇း၀၀ | ၁၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ-- ကိုယ့်ချစ်သူ" (အပိုင်း-၂၃)** |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | ရယ်စရာဟာသများ |
| | ၂၀။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၃၂)** |
| | ၂၁။ | **"ရုပ်ရှင်ပဟေဠိ"** |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H. E. Lt- Gen. Douangchay Phichit နှင့် အောက်တိုဘာ ၂ရက် နံနက် ၇နာရီခွဲတွင် ဗီယင်ကျန်းမြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးသည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့်အတူ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းလှိုင်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Lt- Gen. Douangchay Phichitနှင့်အတူ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Brig- Gen. Bouasieng Champaphanh၊ လာအိုတပ်မတော် အမြဲတမ်းအတွင်းဝန် Brig-Gen. Sisophonh Bang One Sengdeth နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။ (သတင်းစဉ်)



**တွေ့ဆုံဆွေးနွေး**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Lt-Gen. Douangchay Phichit တို့ ဗီယင်ကျန်းမြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြစဉ်။**

(သတင်းစဉ်)



## ကြိုဆိုနှုတ်ဆက်

**အောက်တိုဘာ ၄ ရက်က ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် ညစာ့ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေနှင့် ဇနီး ဒေါက်တာခင်သီတာတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Cho Byungjaeနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

# အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ တွေ့ဆုံနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၄

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာအား လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Dr. Phandouangchith Vongsa သည် အောက်တိုဘာ ၁ရက် ညနေ ၅နာရီ ၁၅မိနစ်တွင် ခေတ္တတည်းခိုသည့် ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။**



ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့်အတူ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်၊ နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးရဲမင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဆွေတို့ တက်ရောက်ကြပြီး လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Dr. Phandouangchith Vongsa နှင့်အတူ နိုင်ငံခြားဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mrs.Siphorn၊ လာအို-မြန်မာ ချစ်ကြည်ရေးအသင်း အတွင်းရေးမှူးများဖြစ်ကြသော Ms. Chan Thum နှင့် Mr. Khamkeo၊ လာအို-မြန်မာ ချစ်ကြည်ရေးအသင်းမှ အဖွဲ့ဝင်များဖြစ်ကြသော Dr. Sulot နှင့် Mr. Thangsay တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Dr. Phandouangchith Vongsa ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel ၌ လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

## နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

**(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)**

၅-၁၀-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော် (ပုဗ္ဗာဘျာသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေး
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၀ ပြောပါရစေရှင် (သာယာတဲ့နေရာမှာ အကြာကြီးမနေပါနဲ့)
- ၈း၄၀ တေးပဒေသာ
- ၁၀း၀၀ မွေးနေ့လက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ငါးနီတူခြောက်အစပ်ကြော်နဲ့ မျှစ်တာလပေါ်ဟင်း)
- ၁၀း၅၅ တေးသီချင်း
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၂၅ Talk on line (L ဆိုင်းဇီ)
- ၁၁း၅၀ တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် Current Song တေးပဒေသာ
- ၁၂း၄၀ ပြုံးပဒေသာ
- ၁း၀၀ မွန်းလွဲပိုင်းသတင်း
- ၁း၁၀ ပညာရေးအစီအစဉ် (အလယ်တန်း-အင်္ဂလိပ်စာ) တေးပဒေသာ
- ၁း၃၀ အစီအစဉ်ပြီး၏။

- ၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၄း၃၀ သောတရှင်လိုရာတေး
- ၅း၀၀ မေတို့တွက်တာ အလှကမ္ဘာ (ဆံပင်အတွက်အားဖြည့်မယ်)
- ၅း၁၀ တေးပဒေသာ
- ၅း၂၅ သတင်းစာဆောင်းပါး
- ၅း၃၀ ညနေခင်းတေးပဒေသာ
- ၅း၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ အမှတ်စဉ်(၆၀)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၀ ညနေခင်းတေးပဒေသာ
- ၆း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ
  - ၁။ မိန့်မှာစကားပြောကြား ကြရအောင် (မောင်မြင့်ကြိုင်)
  - ၂။ HUNDRED Letters and Essays (ဦးဝမ်ထိန်)
- ၆း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၇း၀၀ နိုင်ငံတကာသတင်း
- ၇း၁၀ ဇာတ်လမ်းပမာနားဆင်စရာ (ပန်းကလေးများအတွက်ဆန္ဒမွန်)
- ၇း၃၀ တေးပဒေသာ
- ၈း၀၀ ပြည်တွင်းသတင်း
- ၈း၁၅ နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ
- ၈း၂၀ တေးစီးရီး (Melody World Vol-1)) စီးပွားရေးဦးတည်ချက် တေးပဒေသာ
- ၉း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၁၀း၀၀ အစီအစဉ်ပြီး၏။

**အမက (၉) ဒေါပုံ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ညိုသင်း တတိယတန်းမှ ပထမဆုရ မမေသကြိန်အား ဆုချီးမြှင့်စဉ်။**

(ကြေးမုံ)



## နိုင်ငံတကာသတင်းများ

# ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများကို အာဖဂန်နစ္စတန်၌ စတင်ဖျက်သိမ်း

**ကဘူး အောက်တိုဘာ ၄**

အာဖဂန် နစ္စတန်နိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိကြသော ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများကို စတင်ဖျက်သိမ်းလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် လုံခြုံရေးဆိုင်ရာ တာဝန်ဝတ္တရားများအားလုံးကို ၂၀၁၄ ခုနှစ်ထက် နောက်မကျဘဲ နိုင်ငံခြားတပ်ဖွဲ့များထံမှ လွှဲပြောင်းရယူသွားမည့် သမ္မတဟာမစ်ကာဇိုင်း၏ အစီအစဉ် တစ်စိတ်တစ်ဒေသအရ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများကို ဖျက်သိမ်းခြင်း ဖြစ်သည်။

ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီ ရှစ်ခုကို ဖျက်သိမ်းလိုက်ပြီး ယင်းကုမ္ပဏီများထံမှ လက်နက် ၄၀၀ ကျော်ကို သိမ်းယူလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဇာမာရီဘာရှာရီက ပြောကြားသည်။

ယခုနှစ်ကုန်ထက် နောက်မကျဘဲ ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများကို အပြီးတိုင် ဖျက်သိမ်းနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းကပြောကြားသည်။

အာဖဂန်နစ္စတန်တွင် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများကို ဖျက်သိမ်းသွားရန် သမ္မတ ကာဇိုင်းက ဩဂုတ်လတွင် အမိန့်ထုတ်ပြန်ခဲ့သည်။ ကုလသမဂ္ဂနှင့် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့က ယင်းသို့ ဖျက်သိမ်းခြင်းကို ထောက်ခံကြသည်။

ပုဂ္ဂလိကလုံခြုံရေး ကုမ္ပဏီအဖြစ် အမည်ခံကာ တရားမဝင် လက်နက်ကိုင် အုပ်စုများအဖြစ် ရပ်တည်ခြင်း၊ ရာဇဝတ်မှုခင်းများ၌ ယင်းကုမ္ပဏီများ၏ ဝန်ထမ်းများပါဝင် ပတ်သက်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ စည်းမျဉ်းများ ချိုးဖောက်ခြင်းစသည့် အကြောင်းတရားများကြောင့် အဆိုပါကုမ္ပဏီများကို ဖျက်သိမ်းရခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ။**



ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများမှ ပြန်လည်သိမ်းယူထားသော လက်နက်များ။

# ပါရှန်ပင်လယ်ကွေ့ ကျွန်းများကို ၎င်းပိုင်ကြောင်း အီရန်နိုင်ငံ ပြောကြား

**တီဟီရန် အောက်တိုဘာ ၄ -** ပါရှန်ပင်လယ်ကွေ့အတွင်းရှိ တွန့်ဘ် ကျွန်းငယ်၊ တွန့်ဘ်ကျွန်းကြီးနှင့် အဘူမူဆာ ကျွန်းသုံးကျွန်းကို အီရန်နယ်မြေပိုင်နက်မှ သီးခြားခွဲထုတ်၍မရဟု အီရန် ဝါရင့်လွှတ်တော်အမတ်က အောက်တိုဘာ ၃ ရက်တွင် ပြောကြားသည်။

ပါရှန်ပင်လယ်ကွေ့ရှိ ကျွန်း သုံးကျွန်းသည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံပိုင် နယ်မြေများဖြစ်ကြောင်း ပြောကြားချက်သည် အခြေအမြစ်မရှိ၍ အသိအမှတ်မပြုကြောင်း အီရန်ပါလီမန် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒကော်မတီ ဒုတိယဥက္ကဋ္ဌ ဟူစိန်ဆို ဘာနီနီယာ၏ ပြောကြားချက်ကို ဖား(စ်)သတင်းဌာနက ကောက်နုတ်ဖော်ပြသည်။

သို့သော် ထိုပြဿနာနှင့် ပတ်သက်၍ ကြားဝင်ဖျန်ဖြေသူများမပါဘဲ ယူအေအီးနိုင်ငံနှင့် တိုက်ရိုက်ဆွေးနွေးရန် အီရန်နိုင်ငံက အသင့်ရှိဟု ကြိမ်ဖန်များစွာ ပြောကြားပြီး ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အဆိုပါကျွန်း သုံးကျွန်းသည် အီရန်ပိုင်ကျွန်းများဖြစ်သည့်အထောက်အထားလည်းရှိကြောင်း၊ ထိုအထောက်အထားများအရ ပိုင်ရှင်အစစ်အမှန်မှာ အီရန်နိုင်ငံဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**အင်တာနက်။**



# ဆီတင်ကားများကို တိုးမြှင့်တိုက်ခိုက်သွားရန် ပါကစ္စတန်ရှိ တာလီဘန်စစ်သွေးကြွများ ခြိမ်းခြောက်

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၄**

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့များထံသို့ လောင်စာဆီတင်ပို့ပေးနေသော ဆီတင်ကားများကို တိုးမြှင့်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံရှိ တာလီဘန်စစ်သွေးကြွများက အောက်တိုဘာ ၄ ရက်တွင် ခြိမ်းခြောက်လိုက်သည်။

ထိုစဉ်အတွင်း ပါကစ္စတန်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့ဝင်များအတွက် အသုံးပြုခွင့်ပေးထားသော ထောက်ပို့လမ်းကြောင်းများအနက် လမ်းကြောင်းတစ်ခုကို ပိတ်ဆို့ထားသည်။ ပါကစ္စတန်အနောက်ပိုင်း ကာရမ်ဒေသတွင် လွန်ခဲ့သည့်ရက်သတ္တပတ်က နေတိုးတပ်ဖွဲ့များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်စစ်သားသုံးဦး သေဆုံးရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ယင်းသို့ ပိတ်ဆို့ထားခြင်း ဖြစ်သည်။ နေတိုးစစ်ရဟတ်ယာဉ်များသည် ပါကစ္စတန်ဒေသများရှိ စစ်သွေးကြွပစ်မှတ်များကို တိုးမြှင့်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ထောက်ပို့လမ်းကြောင်းကို ပိတ်ထားခြင်းကြောင့် ပါကစ္စတန်နှင့် အမေရိကန်တို့အကြား တင်းမာမှုများ ဖြစ်ပေါ်လာသည်။ ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလာမ္မာဘတ် ဆင်ခြေဖုံးဒေသတွင် အောက်တိုဘာ ၃ ရက်က သေနတ်သမား ၁၂ ဦးခန့်က လောင်စာတင်ကားများကို တိုက်ခိုက်ခဲ့ရာ အစောင့်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး ခဲ့ရသည်။ သေနတ်သမားများသည် မော်တော်ယာဉ် ၁၃ စီးကို မီးရှို့ခဲ့ကြသည်။

ယင်းတိုက်ခိုက်မှုကို တာလီဘန်အဖွဲ့က ပြုလုပ်ခဲ့သည်ဟု ထုတ်ဖော်ကြေညာခဲ့သည်။ ပါကစ္စတန်နိုင်ငံ နယ်မြေအတွင်း နေတိုးတပ်ဖွဲ့က မောင်းသူမဲ့လေယာဉ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် နိုင်ငံခြားတပ်ဖွဲ့များ၏ တိုက်ခိုက်ခြင်းတို့ကို လက်စားချေတိုက်ခိုက်သွားမည်ဖြစ်ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူ အဇမ်တာရစ်က ပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ။**

# ၂၀၁၀ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

၂၀၁၀ ခုနှစ် (၁၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို အောက်တိုဘာ ၂ ရက်တွင် တောင်ငူဇုန်နှင့်ပဲခူးဇုန်တို့၌ ကျင်းပလျက်ရှိရာ တောင်ငူဇုန်၌ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ပဲခူးဇုန်၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ရှစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်းနှင့် GPS & Google Earth လက်တွေ့အသုံးချနည်း သင်တန်းဖွင့်မည်





**ရန်ကုန် အောက်တိုဘာ ၄**

CONCORDIA Int'l Co.,Ltd. မှ လက်မှတ်ရ အဆင့်မြင့် မြေတိုင်းသင်တန်း(၁၂/၂၀၁၀)ကို အောက်တိုဘာ ၁၁ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ လည်းကောင်း၊ GPS & Google Earth Software လက်တွေ့အသုံးချနည်း သင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ လည်းကောင်း နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ရှိ CONCORDIA သင်တန်းခန်းမ၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် Total Station လက်တွေ့အသုံးချ တိုင်းတာနည်း (Engineering Survey၊ Topo Survey Differential GPS နောက်ဆုံးပေါ် RTK ဖြင့် လက်တွေ့တိုင်းတာခြင်း) Handheld GPS လက်တွေ့တိုင်းတာခြင်းများနှင့် Google Earth Software လက်တွေ့အသုံးချနည်းနှင့် ပတ်သက်သော GPS Downloading and Processing to Garmin Mapsource & Google Earth Software များ ပြုလုပ်ခြင်းများကို သင်ကြားပို့ချ သွားမည်ဖြစ်သည်။

ယခုဖွင့်လှစ်မည့် မြေတိုင်းသင်တန်းနှင့် GPS လက်တွေ့အသုံးချနည်းသင်တန်းကို အောက်တိုဘာ ၄ ရက်မှစတင်၍ သင်တန်းသားများလက်ခံပြီး အခြေခံပညာအထက်တန်း သို့မဟုတ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရန်ကုန်တွင် Concordia Ltd. (၃)လွှာနှင့် (၅)လွှာ ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း- ၀၁-၅၄၄၈၂၄၊ ၅၅၈၁၇၀၊ ၅၄၀၀၂၆၊ ၇၃၀၀၉၂၂၃၊ ၇၃၀၀၉၂၇ နှင့် ၀၉-၅၀၀၅၉၁၂၊ Fax - ၅၄၄၁၉၉ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



## အခွန်ပညာပေး

**ပြည်တွင်းအခွန်များ ဦးစီးဌာန အခွန်ပညာပေး ဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်က မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးသန်းထွန်း ဆွေးနွေး ဟောပြောစဉ်။** (ကြေးမုံ)

# မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးထစ်ချုန်းနိုင်

နေပြည်တော် အောက်တိုဘာ ၄

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** သာယာဝတီမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ ကျောက်ဖြူမြို့နှင့် ကော့သောင်းမြို့တို့တွင် သုည ဒသမ ၈၃ လက်မစီ၊ မာန်အောင်မြို့တွင် သုည ဒသမ ၇၀ လက်မနှင့် မကွေးမြို့တွင် သုည ဒသမ ၅၅ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၅ ရက် ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

**နေပြည်တော်** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

## ကွင်းဆင်းစစ်ဆေး

**လှိုင်းဘွဲမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင်ဈေးကြီး မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် အဖွဲ့အမှုဆောင်အရာရှိ ဦးသိန်းစိုးတို့ ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၄

**ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆာဗာနာခက်မြို့မှ ပြန်လည်ထွက်ခွာကြရာ ဆာဗာနာခက်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Vilayvanh Phomkhe နှင့်ဇနီး၊ အဆင့်မြင့်အရာရှိကြီးများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဆာဗာနာခက်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် ရောက်ရှိကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာမည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်က လေဆိပ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

### ဂါရဝပြုကန်တော့

လေဆိပ်မှ မထွက်ခွာမီ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဇနီး ဒေါ်နန်းအေးစံ၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းလှိုင်နှင့် ဇနီး ဒေါ်မြမြဝင်း၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက လေဆိပ်ဧည့်ခန်းမ၌ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးက သံရုံး၊ စစ်သံရုံး ဝန်ထမ်းများအား ဩဝါဒစကားပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့က မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီးတို့က လက်ခံကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော **စာမျက်နှာ ၈ ကော်လံ ၅ သို့ ◆**

ခေတ်သစ် ပြည်သူ့ပါတီ (Modern People Party) တွဲဖက် အထွေထွေ အတွင်းရေးမှူး-၂ ဒေါ်ရီရီစံ၏ ဟောပြောတင်ပြချက်ကို စာမျက်နှာ (၄)တွင် ဖော်ပြထားပါသည်။



**ပို့ဆောင်နှုတ်ဆက်**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်က ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။**

(သတင်းစဉ်)